# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်　၂၀၁၆ ခုနှစ်၊ မတ် ၂၂ ရက်၊ အင်္ဂါနေ့　အတွဲ [၅၅]၊ အမှတ် [၁၇၄]


ဒါနဥ္စ ဓမ္မစရိယာ စ
ဉာတကာနဉ္စ သင်္ဂဟော
အနဝဇ္ဇာနိ ကမ္မာနိ
ဧတံ မင်္ဂလမုတ္တမံ

**ဒါနဥ္စ တော်မင်္ဂလ မုတ္တမံ**
**စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည်**
**မြတ်သောမင်္ဂလာ မည်၏။**

# နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့်ဆရာတော်များအား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဧည့်ပရိသတ်များ နေ့ဆွမ်းဆက်ကပ်လှူဒါန်း



**နေပြည်တော် မတ် ၂၁**

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ၂၀၁၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့် ဆရာတော်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဉပ္ပါတသန္တိစေတီတော်ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ကြည်ညိုသည်။ **(အပေါ်ပုံ)**

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**ပြည်ထောင်စုလွှတ်တော်အစည်းအဝေး**

## ဝန်ကြီးဌာန ၂၁ ခုနှင့် ပြည်ထောင်စုဝန်ကြီး ၁၈ ဦး သတ်မှတ်ခြင်းကို လွှတ်တော်အတည်ပြု

စာမျက်နှာ » ၅




## Enjoy Dry Pants

ISO 9001:2008 ရရှိထားသော အရည်အသွေးမြင့်မားပြီး ဈေးနှုန်းသက်သာသည့် ဗီယက်နမ်နိုင်ငံထုတ် Enjoy Dry Pants များကို တပ်မတော်ခန်းမ Kids Fair 2016 တွင် တခဲနက် ဝယ်ယူအားပေးခဲ့ကြသည့် သုံးစွဲသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ စတင် ဖြန့်ဖြူးရောင်းချလျက်ရှိပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Authorised Distributor : Oriental Aspiration Co.,Ltd
Address : No 504-506, Ground Fl, Corner of Merchant Rd and 39th St, Kyauk-ta-da Tsp, Yangon, Myanmar.
Phone : 01 381175, 01 398481



## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကျေးလက်သဘာဝအလှ

မြန်မာနိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်ကြပါသည်။ မြို့ပြများ၏အလှမှာ စည်းကမ်းဖြစ်သကဲ့သို့ ကျေးလက်ဒေသများမှာလည်း သဘာဝအလှတည်းဟူသော အရည်အချင်းတစ်ရပ်ရှိပါသည်။ ကျေးလက်အလှမှာကား အိမ်ကြီးအိမ်ကောင်းများနှင့် ကြွယ်ဝချမ်းသာခြင်းအပြင် သဘာဝအလှသစ်ပင်အရိပ်အာဝါသများဖြင့် ပြည့်စုံခြင်းပင်ဖြစ်ပါသည်။

မည်မျှပင် အိမ်ကြီးအိမ်ကောင်းများနှင့် ပြည့်နှက်နေပြီး စံပြရွာကြီးဖြစ်နေလင့်ကစား သစ်ပင်ကြီးများမရှိသော ကျေးရွာများသည် လှပသောကျေးရွာဟု မဆိုနိုင်ပေ။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ရှိပါသည်။ သို့သော် သစ်ပင်ကြီးအုပ်အုပ်ဆိုင်းဆိုင်းရှိသော ကျေးရွာများမှာကား တဖြည်းဖြည်းနည်းပါးလာလေပြီ။ အကြောင်းမှာကား နေအိမ်များ ချဲ့ထွင်လာခြင်းနှင့် ကျေးရွာအတွင်းရှိ အပင်ကြီးများကို ထင်းအဖြစ် ခုတ်လှဲခြင်းတို့ကြောင့်ပင် ဖြစ်ပါသည်။

ထင်းရှားပါးလာမှုအကျိုးဆက်အဖြစ် နေအိမ်ခြံဝင်းများအတွင်းရှိ နှစ်ပေါင်း ၅၀၊ ၁၀၀ ရှိ အပင်ကြီးများကို အကိုင်းချိုင်ခြင်း၊ ပင်စည်မှ ခုတ်လှဲခြင်းတို့ကြောင့် ကျေးရွာများမှာ အရပ်ဆိုးအကျည်းတန်လာပါသည်။ သစ်ပင်ကြီးများ လျော့နည်းလာခြင်းကြောင့် အရိပ်အာဝါသများနည်းပါးလာသည်။ သစ်ပင်ကြီးများနည်း၍ အပူဒဏ်ကို ပြည်သူများခံစားလာရသည်။ နွေရာသီကာလများတွင် ပူပြင်းသောဒဏ်ကိုပို၍ ခံစားကြရသည်။ တဲအိမ်များဖြစ်လင့်ကစား ကြီးမားသောသစ်ပင်ကြီးများရှိလျှင် အရိပ်အာဝါသများကြောင့် အေးချမ်းပြီး နေချင်စဖွယ်ကောင်း၏။

မန်ကျည်း၊ ကုက္ကို၊ ထနောင်းနှင့် တမာပင်ကြီးများသည် အထက်အညာကျေးလက်ဒေသများအတွက် တန်ဖိုးမဖြတ်နိုင်သော သဘာဝလက်ဆောင်များပင်ဖြစ်ပါသည်။ ပုဂံရှေးဟောင်းဒေသတွင်း သက်တမ်းရာကျော် ထနောင်းပင်ကြီးများကို တွေ့ဖူးကြပေလိမ့်မည်။ အချို့သောနိုင်ငံများတွင် သက်တမ်းရင့်သစ်ပင်ကြီးများကို ရှေးဟောင်းအမွေအနှစ်သဖွယ် ထိန်းသိမ်းထားကြသည်။ သစ်ပင်များအပေါ် အလွန်ပင်တန်ဖိုးထားကြသည်။ ကျွန်ုပ်တို့ကျေးလက်ဒေသများတွင် သစ်ပင်ကြီးများကို အလွယ်တကူခုတ်လှဲနေမှုများကို သတိပြုဆင်ခြင်သင့်ပေပြီ။ တာဝန်ရှိသူများက ကျေးရွာအလိုက် သစ်ပင်သန်းခေါင်စာရင်းကောက်ယူပြီး ဥပဒေဖြင့် ကြပ်မတ်ပေးသင့်သည်။ မန်ကျည်း၊ တမာ၊ ကုက္ကို၊ ထနောင်းစသောအပင်ကြီးမျိုး သစ်ပင်များအိမ်တိုင်းစနစ်တကျစိုက်ပျိုးရေးကို တွန်းအားပေးသင့်သည်။

သို့ဖြစ်၍ ကျေးလက်နေပြည်သူများအနေဖြင့် မိမိတို့နေအိမ်ခြံဝင်းများအတွင်းရှိ သစ်ပင်ကြီးများ ပိုမိုထိန်းသိမ်းသင့်သည်။ စနစ်တကျစိုက်ပျိုးသင့်သည်။ သို့မှသာ ကျေးလက်ဒေသများသည် အရိပ်အာဝါသကောင်းသောအပင်ကြီးများဖြင့် စိမ်းလန်းစိုပြည်ပြီး ဥတုရာသီကို ထိန်းညှိကာ သဘာဝအလှကို ထိန်းသိမ်းထားနိုင်မည် ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## ဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် မတ် ၂၁

မြန်မာနိုင်ငံ ဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ်(CME)မှ အထွေထွေရောဂါကု ဆရာဝန်များအတွက် Public Health, Family Medicine and Research Course (2016) သင်တန်းကို ဧပြီ ၂ ရက်မှ ဇူလိုင် ၁၆ ရက်အထိ စနေ၊ တနင်္ဂနွေနေ့များတွင် သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်

## (၇၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးလက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## လမ်းမြေအတွင်းကျူးကျော်နေထိုင်သူများအား ဖယ်ရှားပေးစေလို

ထင်သာမြင်သာပြုပြင်စရာ



မွန်ပြည်နယ် သထုံမြို့နယ် နောင်ဘိုကျေးရွာ ဘူတာလမ်းသည် ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီးနှင့် ဆက်သွယ်ထား၍ ကျေးရွာမှပြည်သူများက ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းအကျယ် ၁၆ ပေ၊ ထုခြောက်လက်မ၊ လမ်းအရှည် ၁၉၆၇ ပေ တည်ဆောက်ပြီးစီးပြီး ဖောက်လုပ်ရန် ၁၁၇၄ ပေ ကျန်ရှိနေသည်။

အဆိုပါ လမ်း၏လမ်းဘေးများတွင် ကျူးကျော်အိမ်များတည်ဆောက်နေထိုင်ခြင်းကို ဖယ်ရှားပေးရန် ကျေးရွာနေပြည်သူတို့က သက်ဆိုင်ရာဌာနများသို့ တိုင်ကြားခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူတို့က ဖယ်ရှားပေးရန် အကြိမ်ကြိမ်သတိပေးတားမြစ်ခဲ့ရာတွင် လိုက်နာခြင်းမရှိဘဲ ဆက်လက်ကျူးကျော် နေထိုင်လျက်ရှိကြောင်းတွေ့ရသည်။ ထို့ကြောင့် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေနေရာများတွင် (ယင်းဘူတာလမ်း၌) တရားဝင်ခွင့်ပြုချက်မရှိဘဲ နေအိမ်၊ ဆိုင်ခန်း၊ အဆောက်အအုံများဆောက်လုပ်နေထိုင်ခြင်း၊ ခြံစည်းရိုးခတ်၍ မြေကွက်များရယူထားခြင်း၊ ဌားရမ်း/ရောင်း/ဝယ်ခြင်းမပြုရန်နှင့် ပြုလုပ်ထားသူများ၊ လက်ရှိနေထိုင်ကြသူများ၊ တစ်ဆင့်ဝယ်ယူထားကြသူများအနေဖြင့် ဇန်နဝါရီ ၁၅ ရက်နောက်ဆုံးထား၍ မိမိအစီအစဉ်ဖြင့် ဖျက်သိမ်း ပြောင်းရွှေ့သွားကြရန် လိုက်နာဆောင်ရွက်ခြင်း မရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူခံရမည်ဟု သထုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

သို့ရာတွင် ကျူးကျော်အိမ်တစ်အိမ်သာ ပြောင်းရွှေ့ပေးပြီး ကျန်ကျူးကျော်အိမ်များသည် မဖယ်ရှားပေးသေးကြောင်း သိရသည်။ "ကျူးကျော်တွေက တခြားဒေသက လာတာ၊ ဒေသခံရွာသားတစ်ယောက်မှမပါဘူး။ အစိုးရက ဖယ်ပေးပါပြောတာတောင်မဖယ်ပေး"ဟု ဒေသခံတစ်ဦးက ပြောသည်။ နောင်ဘိုကျေးရွာဘူတာလမ်းတွင် အိမ်ထောင်စုပေါင်း ၂၀၀ ကျော်နေထိုင်ကြပြီး ကျူးကျော်အိမ်များကြောင့် မီးရေးထင်းရေး စိုးရိမ်လျက်ရှိကြောင်း သိရသည်။

ခွန်(ဝင်းပ)

## အမျိုးသမီး အိမ်တွင်းမှု သင်တန်းဆင်း

ကန်ပက်လက် မတ် ၂၁

ကန်ပက်လက်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁၆)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၃၁)သင်တန်းဆင်းပွဲကို မတ်လပထမပတ်က အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က အမှာစကားပြောကြားပြီး အခြေခံအိမ်တွင်းမှု သင်တန်းထူးချွန်ဆုနှင့် အဆင့်မြင့်သင်တန်းထူးချွန်ဆုများကို ချီးမြှင့်ကြပြီး သင်တန်းဆင်းလက်မှတ်များကို ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှရီက ပေးအပ်ခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၁-၃-၂၀၁၆

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၅၇၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၄၇၀ / ၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၂၀ ကျပ် |

### စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)

| | |
|---|---|
| ဒီဇယ် | ၉၃၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၁၀၂၀၀၀/၁၀၃၀၀၀ကျပ် |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၂.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၄.၆၉ |
| ထိုင်း | တစ်ဘတ် | ၃၄.၈၈၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၃၃၃ |
| တရုတ် | တစ်ယွမ် | ၁၈၈.၀၅ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၂၄၄ |

ခင်ရတနာ-စုစည်းသည်။

၁၄-၃-၂၀၁၆ မှ ၁၈-၃-၂၀၁၆ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၄၈၆ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၄၄၀ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ သိုလှောင်စရိတ်၊ သယ်ပို့စရိတ်နှင့် ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့် ဆရာတော်များအား နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

*✻ ရှေ့ဖုံးမှ*

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဇန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် သာသနာ့မဟာဗိမာန်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းနှင့် ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဇန်းမော်ကျောင်းတိုက် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဇန်းမော်ကျောင်းတိုက် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဇန်းမော်ကျောင်းတိုက်ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန် ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့် ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)





နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

*စာမျက်နှာ ၃ မှ*

ဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ဒုတိယသမ္မတများ၏ ဇနီးများနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးတို့က သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနား အပြီးတွင် ကြွရောက် ချီးမြှင့်တော်မူကြသည့် ဆရာတော်ကြီးများအား နိုင်ငံတော်သမ္မတနှင့် ပရိသတ်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

# Tourist Maps of Myanmar အခမဲ့စတင်ဖြန့်ချိ

**ရန်ကုန် မတ် ၂၁**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် ထုတ်ဝေသော မြန်မာခရီးသွားလုပ်ငန်းမြေပုံများကို ဖြန့်ချိပေးနေပြီ ဖြစ်သည်။

Tourist Maps of Myanmar (TMM-55)၌ ကမ္ဘာ့အမွေနှစ်စာရင်းဝင်အဖြစ် ယူနက်စကိုအဖွဲ့ကြီးက အသိအမှတ်ပြုလိုက်သော သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်း၊ ပျူမြို့သုံးမြို့၏ မြေပုံများပါ မွမ်းမံထည့်သွင်းထားသည်။

အဆိုပါ လမ်းညွှန်မြေပုံများကို ရန်ကုန်လေဆိပ်တွင် ဧည့်သည်တိုင်းသို့ အခမဲ့ဝေငှပေးလျက်ရှိပြီး ပြည်ပနိုင်ငံများသို့လည်း ထိရောက်စွာ ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် နိုင်ငံတကာတွင် ကျင်းပလျက်ရှိသည့် Travel Show များသို့လည်းကောင်း၊ နိုင်ငံတကာရှိ မြန်မာသံရုံးများသို့ လည်းကောင်း၊ မြန်မာနိုင်ငံရှိ သံရုံးများသို့လည်းကောင်း စနစ်တကျ ပေးပို့ဖြန့်ချိလျက်ရှိသည်။ ပြည်တွင်းသို့ အဓိက ခရီးသည်ဝင်ပေါက်ဖြစ်သော ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးလေဆိပ်၊ ပုဂံ-ညောင်ဦး လေဆိပ်များ၌ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသော ခရီးသည်အားလုံး ရန်ကုန်ရှိ ဟိုတယ်၊ စားသောက်ဆိုင်နှင့် အမှတ်တရပစ္စည်းဆိုင်များ၌ ထားရှိပြီး နေ့စဉ်ဝေငှပေးလျက်ရှိသည်။

အဆိုပါ လမ်းညွှန်မြေပုံများကို ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာပြ၍ မြန်မာ့ခရီးသွားလုပ်ငန်း (ဆူးလေ)၌လည်းကောင်း၊ ၃၅ လမ်း (အလယ်ဘလောက်)ရှိ (D.P.S)၌ လည်းကောင်း၊ ဖေ့စ်ဘွတ်ခ်မှ မှာကြား၍သော်လည်းကောင်း အခမဲ့ထုတ်ယူနိုင်ပြီး ဆက်သွယ်ထုတ်ယူနိုင်သည့်လိပ်စာမှာ အမှတ်(၁၆၅-၁၆၇) ပထမထပ် (၃၅)လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ဖြစ်သည်။

**(မြန်မာ့အလင်း)**




ကမ္ဘောဇအုပ်စု ကုမ္ပဏီလီမိတက်က ဓမ္မဒါနကုသိုလ်ဖြစ် ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်ကို ၂၀၁၀ ပြည့်နှစ်မှစ၍ ဝန်ထမ်းများအား ပို့ဆောင်ပေးခဲ့ရာ ယခုနှစ် မတ် ၁၁ ရက်မှ ၁၃ ရက်အထိ ငွေကျပ် သိန်းပေါင်း ၁၅၀၀ခန့် အကုန်အကျခံ၍ ပို့ဆောင်ပေးရာ အဌမအကြိမ်အဖြစ် အရာထမ်းနှင့် ဝန်ထမ်း ၁၂၃ ဦးကို ဘုရားဖူးသွားရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။ (မြန်မာ့အလင်း)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဝန်ကြီးဌာန ၂၁ ခုနှင့် ပြည်ထောင်စုဝန်ကြီး ၁၈ ဦး သတ်မှတ်ခြင်းကို လွှတ်တော်အတည်ပြု

**နေပြည်တော် မတ် ၂၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမမြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်နှင့် အမည်၊ ပြည်ထောင်စုဝန်ကြီးဦးရေ သတ်မှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်း တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်သည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဦးထင်ကျော်က ပြည်ထောင်စုဝန်ကြီးဌာန အရေအတွက်နှင့် အမည်သတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် လက်ရှိပကတိအခြေအနေအရ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတို့ကို မူလအတိုင်းထားရှိမည်ဖြစ်ပါကြောင်း။

အချို့ဝန်ကြီးဌာနများမှာ အမျိုးတူ၊ ဘာသာရပ်တူ၊ လုပ်ငန်းသဘောတူသည့်အတွက် ပေါင်းစပ်ဖွဲ့စည်းခြင်းဖြစ်ပါကြောင်း၊ သမ္မတရုံးဝန်ကြီးဌာနခြောက်ခုကို တစ်ခုတည်းထားရှိခြင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာနတို့ကို ဝန်ကြီးဌာနတစ်ခုတည်းအဖြစ် ပေါင်းစပ်ဖွဲ့စည်းခြင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနတို့ကို ဝန်ကြီးဌာနတစ်ခုတည်းအဖြစ် ပေါင်းစပ်ဖွဲ့စည်းခြင်း၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ကို ဝန်ကြီးဌာနတစ်ခုတည်းအဖြစ် ပေါင်းစပ်ဖွဲ့စည်းခြင်း၊ လျှပ်စစ်ဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့ကို ဝန်ကြီးဌာနတစ်ခုတည်း ပေါင်းစပ်ဖွဲ့စည်းခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့ကို ဝန်ကြီးဌာနတစ်ခုတည်းအဖြစ် ပေါင်းစပ်ဖွဲ့စည်းခြင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအဖြစ် ပေါင်းစပ်ဖွဲ့စည်းခြင်း၊ အားကစားဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ကို ဝန်ကြီးဌာနတစ်ခုတည်းအဖြစ် ပေါင်းစပ်ဖွဲ့စည်းခြင်း၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ကို ဝန်ကြီးဌာန တစ်ခုတည်းအဖြစ် ပေါင်းစပ်ဖွဲ့စည်းခြင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ကို ဝန်ကြီးဌာနတစ်ခုတည်း အဖြစ် ပေါင်းစပ်ဖွဲ့စည်းခြင်းတို့ကို ပြုလုပ်ခဲ့ပါကြောင်း။

ထို့ပြင် တိုင်းရင်းသားများအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်တံ့ခိုင်မြဲရေးအတွက် မရှိမဖြစ်လိုအပ်နေသည့် တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနတစ်ခုကို ဖွဲ့စည်းထားပါကြောင်း၊ ဝန်ကြီးဌာနများ ယခုကဲ့သို့ဖွဲ့စည်းမှုကြောင့် ဝန်ထမ်းအချို့အနေဖြင့် ဝန်ကြီးဌာနများ လျှော့နည်းသွားသည့်အတွက် အလုပ်လက်မဲ့ဖြစ်နိုင်ကြောင်း စိုးရိမ်နေမှုကို ကြားသိရပါကြောင်း၊ ဝန်ကြီးဌာနများကို ပေါင်းစည်းလိုက်ခြင်းဖြင့် ဝန်ကြီးဌာနနှင့် ဝန်ကြီးဦးရေ လျော့နည်းသွားမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများကို သင့်လျော်သလို ပြောင်းရွှေ့နေရာချထားခြင်းအားဖြင့် အလုပ်အကိုင်လုံခြုံမှုပေးနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဥပဒေစည်းမျဉ်းစည်းကမ်းများဖြင့် ညီညွတ်ခြင်းရှိသည့် အလုပ်မျိုးကိုသာ လုပ်ကိုင်ပါက အလုပ်လက်မဲ့ လုံးဝမဖြစ်နိုင်ကြောင်းကို ပြောကြားလိုပါကြောင်း။

ယခုကဲ့သို့ ပြည်ထောင်စုဝန်ကြီးဌာနအရေအတွက်နှင့် ပြည်ထောင်စုဝန်ကြီးဦးရေ လျော့နည်းသွားခြင်းဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်ဖြစ်စေ၊ အစိုးရမူဝါဒများကို ဖော်ဆောင်ရာတွင်ဖြစ်စေ နှောင့်နှေးကြန့်ကြာမှုများ၊ ငွေကြေးကုန်ကျမှုများ လျော့နည်းသွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် လျှော့နည်းသွားသည့် ဝန်ကြီးများ၏ ငါးနှစ်သက်တမ်းအတွင်း လစာစရိတ်၊ အဆောင်အယောင်နှင့် အသုံးစရိတ်သန်းပေါင်း ၅၀၀၀ ခန့်ကို နိုင်ငံတော်အတွက် ခြိုးခြံချွေတာနိုင်မည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြည်သူ့ဘဏ္ဍာငွေသုံးစွဲမှုကို အတတ်နိုင်ဆုံး လျှော့နည်းသက်သာပြီး အတတ်နိုင်ဆုံး ခြိုးခြံချွေတာနိုင်မှသာ နိုင်ငံတော်ဘဏ္ဍာငွေများ စုဆောင်းနိုင်ပြီး ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်နိုင်မည် ဖြစ်ကြောင်း၊ နောင်မျိုးဆက်များအတွက် နိုင်ငံ့ဘဏ္ဍာအရန်ငွေ ချန်ထားနိုင်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ အဆိုပါဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ ပိုသည့်နေရာမှ လိုသည့်နေရာသို့ ပြည်သူလူထု၏ လူနေမှုဘဝအဆင့်အတန်းမြင့်မားရေးအတွက် မျှဝေနိုင်မည်ဖြစ်ပါကြောင်း။

အဆိုပါ လျှော့ချလိုက်သည့် ဝန်ကြီးများ၏ သန်းပေါင်း ၅၀၀၀ ခန့်ရှိသည့် လစာနှင့် အဆောင်အယောင်အသုံးစရိတ်များကို နိုင်ငံတော်တွင် လိုအပ်နေသည့် ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပိုမိုသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် အရေအတွက်ထက် အရည်အချင်းကို ဦးစားပေးရေး၊ အဂတိတရားကင်းစင်သော လူ့အသိုင်းအဝိုင်းဖော်ဆောင်ရေး၊ အမျိုးသားအကျိုးစီးပွားရေးရှုရေး၊ ပြည်သူ့ဘဏ္ဍာ ခြိုးခြံချွေတာရေးနှင့် စွမ်းဆောင်ရည်ပြည့်ဝသည့် ကျစ်လျစ်သောအစိုးရတစ်ရပ် ဖွဲ့စည်းနိုင်ရေးကို ဦးစားပေးဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ(၃၁)၊ နည်းဥပဒေ(၂၄)တို့နှင့်အညီ ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်နှင့် အမည်သတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက စက်ခလုတ်အသုံးပြုပြီး လျှို့ဝှက်ဆန္ဒမဲပေးကြရာ ထောက်ခံမဲ ၆၁၁ မဲ၊ ကန့်ကွက်မဲ သုံးမဲ၊ ကြားနေမဲ ၂၂ မဲနှင့် ပြည်ထောင်စုဝန်ကြီးဦးရေ သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ထောက်ခံမဲ ၆၀၁ မဲ၊ ကန့်ကွက်မဲ ၂၂ မဲနှင့် ကြားနေမဲ ၁၄ မဲ အသီးသီးရရှိကြပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် ယင်းကိစ္စများ အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန အမည်သတ်မှတ်ချက်များအနက်မှ ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာနအစား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြင်ဆင်သတ်မှတ်ခြင်းကိုပါ လွှတ်တော်က အတည်ပြုကြောင်းသည်။

ယနေ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၆၅၃ ဦးအနက် ၆၄၇ ဦး တက်ရောက်ခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို မတ် ၂၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် ဦးထင်ကျော် ရှင်းလင်းတင်ပြနေစဉ်။




**ဝန်ကြီးဌာနများ ယခုကဲ့သို့ ဖွဲ့စည်းမှုကြောင့် ဝန်ထမ်းအချို့အနေဖြင့် ဝန်ကြီးဌာနများ လျှော့နည်းသွားသည့်အတွက် အလုပ်လက်မဲ့ ဖြစ်နိုင်ကြောင်း စိုးရိမ်နေမှုကို ကြားသိရ၊ ဝန်ထမ်းများကို သင့်လျော်သလို ပြောင်းရွှေ့ နေရာချထားခြင်းအားဖြင့် အလုပ်အကိုင်လုံခြုံမှု ပေးနိုင်မည်ဖြစ်**

**မိမိအနေဖြင့် အရေအတွက်ထက် အရည်အချင်းကို ဦးစားပေးရေး၊ အဂတိတရား ကင်းစင်သော လူ့အသိုင်းအဝိုင်းဖော်ဆောင်ရေး၊ အမျိုးသား အကျိုးစီးပွားရေးရှုရေး၊ ပြည်သူ့ဘဏ္ဍာ ခြိုးခြံချွေတာရေးနှင့် စွမ်းဆောင် ရည်ပြည့်ဝသည့် ကျစ်လျစ်သောအစိုးရတစ်ရပ် ဖွဲ့စည်းနိုင်ရေးကို ဦးစား ပေး ဆောင်ရွက်ခြင်းဖြစ်**

---

## ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပမှု လာရောက်လေ့လာ

**နေပြည်တော် မတ် ၂၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပနေမှုကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ သက်ဆိုင်ရာမဲဆန္ဒနယ်မှ ပြည်သူ ၃၁၃ ဦး၊ ဂျပန်နိုင်ငံ Yamagata Sei Gauliin မိန်းကလေးအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးဦးစီး ကျောင်းသား၊ ကျောင်းသူ ၄၄ ဦး၊ ဗမ္မာ့သီရိမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင် ၁၁၇ ဦး စုစုပေါင်း ၄၇၄ ဦး လေ့လာသူအဖြစ် တက်ရောက်ကြည့်ရှုပြီး လွှတ်တော်အဆောက်အအုံများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်းနှင့် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်း ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာသူဦးရေမှာ ယနေ့အထိ ၁၄၆၇ ဦး ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမေရိကန်သမ္မတရွေးကောက်ပွဲတွင် မျက်နှာပန်းလှနိုင်ရန်အတွက် ဒေါ်နယ်ထရမ့်ပ်အနေဖြင့် ဖြစ်နိုင်သမျှ အကူအညီများလိုအပ်နေ

ဝါရှင်တန် မတ် ၂၁

ရီပတ်ဘလစ်ကန်အမတ်လောင်း ဒေါ်နယ်ထရမ့်ပ်က အိမ်ဖြူတော်သို့ရောက်ရှိရန် ပြင်ပငွေကြေးထောက်ပံ့မှုများ မလိုအပ်ဟု ပြောကြားလေ့ရှိရာ ၎င်းကိုထောက်ခံနေသည့် တချို့ပရိသတ်များ အမြင်မတူညီခဲ့ကြကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ထရမ့်ပ်၏ သမ္မတယှဉ်ပြိုင်ပွဲအတွက် အဆင်ပြေစေရန် ဖွဲ့စည်းခဲ့သည့် လွတ်လပ်သောနိုင်ငံရေးအသုံးစရိတ် အလှူရှင်အဖွဲ့က တနင်္ဂနွေနေ့တွင် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် ထရမ့်ပ်၏ပြိုင်ဘက်များက ထရမ့်ပ်ကို တိုက်ခိုက်ရန် ဒေါ်လာသန်းချီသုံးစွဲနေသောကြောင့် စိုးရိမ်မိကြောင်း ပြောခဲ့သည်။

ချမ်းသာကြွယ်ဝသောလုပ်ငန်းရှင်များက ငွေကြေးဆိုင်ရာ လွတ်လပ်စွာ စီမံခန့်ခွဲနိုင်မှုပြုလုပ်နိုင်သည်ဟု ထုတ်ဖော်ပြောကြားခြင်းကို အလှူရှင်အဖွဲ့က သဘောကျသော်လည်း ယင်းငွေကြေးတိုးမြှင့်သုံးစွဲခြင်းက ရီပတ်ဘလစ်ကန်သမ္မတလောင်းကို တိုက်ခိုက်ရန် အကူအညီပေးနိုင်မည်လားဆိုသည်မှာ စဉ်းစားစရာဖြစ်နေသည်။

ထို့ကြောင့် သမ္မတရွေးကောက်ပြိုင်ပွဲတွင် မျက်နှာပန်းလှနိုင်ရန်အတွက် ဒေါ်နယ်ထရမ့်ပ်အနေဖြင့် ဖြစ်နိုင်သမျှ အကူအညီများလိုအပ်နေကြောင်း သိရသည်။ **(ရိုက်တာ)**




ရီပတ်ဘလစ်ကန် အမေရိကန်သမ္မတလောင်း ဒေါ်နယ်ထရမ့်ပ် မတ် ၁၈ ရက်က ဆော့လိတ်စီးတီးတွင် မဲဆွယ်စည်းရုံးနေသည်ကို တွေ့ရစဉ်။



ကျူးဘားရောက် သမ္မတ အိုဘားမား ၎င်း၏ မိသားစုနှင့်အတူ မတ် ၂၀ ရက်က ဟာဗားနားသို့ ရောက်ရှိစဉ်။

## ကျူးဘားသမိုင်းဝင်ခရီးတွင် ကက်စ်ထရိုနှင့် အမေရိကန်သမ္မတ တွေ့မည်

ဟားဗားနား မတ် ၂၁

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် တနင်္လာနေ့က ၎င်း၏ ပထမဆုံးသမိုင်းဝင်စေမည့် ကျူးဘားခရီးစဉ်ကို စတင်ခဲ့သည်။ အမေရိကန်စီးပွားရေး ပိတ်ဆို့အရေးယူမှုများကို ဆက်လက်ပြုလုပ်နေသည့်အတွက် မကျေနပ်ချက်အသံများ ထွက်ပေါ်နေချိန်တွင် အမေရိကန်အနေဖြင့် ကျူးဘားသမ္မတ ရာအူးလ်ကက်စ်ထရိုကို စီးပွားရေးနှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများတွင် ပိုမိုအားစိုက်ရန် တွန်းအားပေးခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အိုဘားမားနှင့် ကက်စ်ထရိုတို့သည် ၎င်းတို့၏ အနှစ်သာရများနှင့်ပြည့်နေစေမည့် လေးကြိမ်မြောက် စည်းဝေးပွဲကို တော်လှန်ရေးနန်းတော်တွင် ပြုလုပ်ကြမည်ဖြစ်သည်။

လွန်ခဲ့သောတစ်နှစ်ကျော်ကာလက အမေရိကန်နှင့် ကျူးဘားတို့ ဆယ်စုနှစ်ငါးစုကျော်ကြာမြင့်ခဲ့သော စစ်အေးကာလအငြင်းပွားမှုများကို အဆုံးသတ်ရန် သဘောတူခဲ့ကြသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်နေစဉ် အမြင်မတူမှုများကို ဆွေးနွေးတိုင်ပင်မည်ဖြစ်ကြောင်း သိရသည်။ **(ရိုက်တာ)**

## မဲခေါင်မြစ်ဝှမ်းဒေသ ရေခန်းခြောက်လာမှုကို တရုတ်အရေးပေါ် ရေအကူအညီပေး

ဂျင်ဟောင် မတ် ၂၁

တရုတ်နိုင်ငံတွင် စတင်မြစ်ဖျားခံပြီး လာအို၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့်ဗီယက်နမ်တို့ကို ဖြတ်၍စီးဆင်းသော မဲခေါင်မြစ်ဝှမ်းဒေသသည် ခန်းခြောက်လာသောကြောင့် တရုတ်နိုင်ငံတောင်ပိုင်းဒေသရှိ ရေအားလျှပ်စစ်တစ်ခုမှ ရေများလွှတ်ပေးခဲ့ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံ ဂျင်ဟောင်ရေအားလျှပ်စစ်မှ အရေးပေါ်ရေထောက်ပံ့မှုကို မတ်လ ၁၅ရက်မှ ဧပြီ ၁၀ ရက်ထိ တစ်လကြာအောင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံအနေဖြင့် မဲခေါင်မြစ်စီးဆင်းရာဒေသများဖြစ်သော လာအို၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံများကို ရေအရေးပေါ်ကူညီထောက်ပံ့မှုအစီအစဉ်အတိုင်း လုပ်ဆောင်ခြင်းဖြစ်ကြောင်း မဲခေါင်မြစ်ဝှမ်းဒေသ အရင်းအမြစ်များစီမံခန့်ခွဲမှုရုံးမှ ညွှန်ကြားရေးမှူး ဝမ်ပီနစ်ဝါရိုဒွန်ကပြောခဲ့သည်။

တရုတ်နိုင်ငံသည် မဲခေါင်မြစ်စီးဆင်းရာဒေသတွင် ပါဝင်သောနိုင်ငံလေးနိုင်ငံသို့ ရေချို့ပြတ်လပ်မှု လျှော့နည်းသက်သာစေရန် အရေးပေါ်အကူအညီပေးမည့်စာများကို ပေးပို့ခဲ့ကြောင်း သိရသည်။ မဲခေါင်မြစ်ဝှမ်းကော်မရှင်အဖွဲ့တွင် ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တို့ပါဝင်ကြပြီး မဲခေါင်မြစ်မြစ်ဖျားခံရာ တရုတ်နိုင်ငံသည်လည်း မြန်မာနိုင်ငံနှင့် မိတ်ဖက်နိုင်ငံဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ယင်း၏ရေအရင်းအမြစ်စီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး ယခင်က အဖွဲ့ဝင်နိုင်ငံများသို့ စာများပေးပို့ခြင်းမရှိခဲ့ပေ။ ယခုအခါတွင် ထိုသို့ပြုလုပ်ခြင်းကို ကြည့်ခြင်းအားဖြင့် တရုတ်နိုင်ငံအနေနှင့် မဲခေါင်မြစ်ဝှမ်းဒေသတွင် ပါဝင်သောနိုင်ငံများနှင့် ပြဿနာရပ်များကို အတူတကွပူးပေါင်းဆောင်ရွက်ဖြေရှင်းလိုကြောင်းသိရသည်။ **(ဆင်ဟွာ)**

## တရုတ်နာမည်ကြီး ဆောင်းပါးရှင်တစ်ဦးအား ရဲများထိန်းသိမ်း

ပေကျင်း မတ် ၂၁

တရုတ်ရဲများက နာမည်ကြီးပင်တိုင်ဆောင်းပါးရှင် တစ်ဦးအား ဖမ်းဆီး ထိန်းသိမ်းခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

၎င်းကို ရဲများက လွန်ခဲ့သော သီတင်းပတ်က ဟောင်ကောင်သို့ ထွက်ခွာမည့် လေယာဉ်ပေါ် တက်မည့်ဆဲဆဲ ပေကျင်းလေဆိပ်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ၎င်း၏ရှေ့နေက ပြောကြားခဲ့သည်။

ဂျီယာသည် တရုတ်နိုင်ငံ လူမှုရေးနှင့် နိုင်ငံရေးအကြောင်းအရာများကို မဂ္ဂဇင်းနှင့်သတင်းစာများအတွက် ရေးသားနေသူဖြစ်သည်။

၎င်းသည် သမ္မတရှီကျင့်ဖျင်ကို စီးပွားရေးနှင့် သံတမန်ရေးရာများတွင် ဝေဖန်မှုပြုထားသော အမည်မသိ အိတ်ဖွင့်ပေးစာတစ်စောင်ကို ဖော်ပြခဲ့ပြီး ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုထားသည့် အွန်လိုင်းသတင်းဝက်ဘ်ဆိုက်တွင် ပါဝင်ပတ်သက်နေမှုဖြင့် စုံစမ်းစစ်ဆေးမှုခံယူနေရသူ ဖြစ်နိုင်ကြောင်း ဟောင်ကောင်သတင်းမီဒီယာများက ဖော်ပြသည်။ **(အင်န်အိတ်ချ်ကေ)**

# ဆူလာဝေစီ၌ အင်ဒိုနီးရှား စစ်ရဟတ်ယာဉ်ပျက်ကျ၊ ၁၂ ဦး သေဆုံး



၂၀၁၅ ခုနှစ် ဇွန်လက ဟာကျူလီ C-130 အမျိုးအစားရဟတ်ယာဉ်တစ်စင်း ဆူမားတြားကျွန်း အကြီးဆုံးမြို့ မီဒန်သို့ ပျက်ကျနေပုံကို တွေ့ရစဉ်။

ဂျကာတာ မတ် ၂၁

စစ်ရဟတ်ယာဉ်တစ်စင်း တနင်္ဂနွေနေ့က အင်ဒိုနီးရှားနိုင်ငံ အလယ်ပိုင်းတွင် ပျက်ကျမှုဖြစ်ပွားခဲ့ရာ ရဟတ်ယာဉ်ပေါ် စီးနင်းလိုက်ပါသူ ၁၂ ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင်ဖော်ပြသည်။

ယင်းရဟတ်ယာဉ်သည် ဆူလာဝေစီကျွန်း ပိုဆိုကျေးလက်ဒေသရှိ လယ်ကွင်းတစ်ခုထဲသို့ ပျက်ကျပြီး မီးလောင်ပေါက်ကွဲသွားခြင်းဖြစ်ကြောင်း သိရသည်။ အင်ဒိုနီးရှားတပ်ဖွဲ့က ပျက်ကျသွားသော ရဟတ်ယာဉ်တွင် စစ်သည် ၁၃ ဦးနှင့် လေယာဉ်အမှုထမ်းများပါဝင်ကြောင်း ပြောကြားခဲ့သည်။

အင်ဒိုနီးရှားတပ်ဖွဲ့က ပိုဆိုဒေသတွင် အိုင်အက်စ်သစ္စာတော်ခံ စစ်သွေးကြွများကိုနှိမ်နင်းရန် တပ်ဖြန့်ချထားမှုများကို ဆောင်ရွက်လျက်ရှိသည်။ ယင်းဒေသသည် အကြမ်းဖက်စစ်သွေးကြွများ ခြေကုပ်ယူရာနေရာဖြစ်ကြောင်း သိရသည်။ တပ်မတော်က ရာသီဥတုဆိုးရွားမှုသည် လေယာဉ်ပျက်ကျနိုင်သည့် အကြောင်းရင်းတစ်ချက်ဖြစ်ကြောင်း သံသယဖြစ်ခဲ့သည်။ လွန်ခဲ့သောလက တပ်မတော်လေယာဉ်တစ်စင်း လူနေရပ်ကွက်တွင် ပျက်ကျမှုဖြစ်ပွားခဲ့ရာ လေးဦး သေဆုံးခဲ့သည်။

လွန်ခဲ့သောနှစ်ဇွန်လကလည်း လေတပ်သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်တစ်စင်း လူနေဒေသတွင် ပျက်ကျမှုဖြစ်ပွားခဲ့ရာ လူ ၁၂၀ ထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ဧက ၁၃၀ ကျော်ကျယ်ဝန်းသည့် တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်ကျောင်းဟောင်းမြေနေရာအား လက်ရှိအချိန်အထိ မည်သူတစ်ဦးတစ်ယောက်ထံသို့မျှ လွှဲပြောင်း၍ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းမရှိ

## အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာချက်

၁။ လူမှုကွန်ရက်စာမျက်နှာများတွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဘီအိုစီကွေ့ရှိ ဧက(၁၃၀) ကျော်ကျယ်ဝန်းသည့် တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ် ကျောင်းဟောင်းမြေနေရာအား မသမာသူလူတစ်စုက မိမိပိုင်ပစ္စည်းများသဖွယ် လွှတ်တော်တွင် ကန့်ကွက်နေသည့်ကြားမှ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက သားအဖအချင်းချင်း အရောင်းအဝယ်ဖြစ်သွားကြောင်းနှင့် မွေးကုရုံးချုပ်ဟောင်း ဆေးဝါးစက်ရုံ တိရစ္ဆာန်ဆေးကုခန်း၊ FAO ရုံးနှင့် Assay Lab စုစုပေါင်း(၁၀)ဧကမှလွဲ၍ ကျန်ဧက (၁၂၀)ကျော်အား အစိုးရအပြောင်းအလဲမလုပ်မီ အလျင်စလိုရောင်းချပြီးသွားကြောင်းသိရသည့်အတွက် သမိုင်းဝင်အမိတက္ကသိုလ်မြေနေရာ မဆုံးရှုံးစေရေး တိရစ္ဆာန်ဆေးကုဆရာဝန် ညီအစ်ကိုမောင်နှမများမှ ဝိုင်းဝန်းကန့်ကွက်သွားမည်ဖြစ်ပါသည်ဟု ပုဂ္ဂိုလ်ရေးတိုက်ခိုက်ရန်ရည်ရွယ်ပြီး မဟုတ်မမှန် ဖော်ပြလျက်ရှိပါသည်။

၂။ အဆိုပါ မြေနေရာသည် စုစုပေါင်း ဧက(၁၃၄. ၇၃၈) ကျယ်ဝန်းပြီး မြေအမျိုးအစားများအလိုက် ကျောင်းဌာနချုပ်၊ ဆေးဝါးစက်ရုံ၊ ဆေးခန်း၊ FAO ရုံး၊ Assay Lab ၊ ရန်ကုန်တိုင်းမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၊ ဗက်တီးရီးယားခွာနာလျှာနာဌာန၊ ဗိုင်းရပ်စ်ဌာန၊ ရောဂါရှာဖွေရေးဌာန၊ စတို စုစုပေါင်း (၃၂ . ၃၂၁) ဧက၊ Art Center (၈. ၄၁)ဧကနှင့် ယခင်မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းခွဲ၊ ဇီဝလုံခြုံနယ်မြေ၊ သုတေသနပြုလုပ်ရာနေရာ စုစုပေါင်း (၉၄. ၀၀၇) ဧကဖြစ်ပါသည်။

၃။ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်အဆောက်အအုံနှင့် ပရိဝုဏ် (၈. ၉၃)ဧကအား (၁၃-၂-၁၉၂၅) ခုနှစ်တွင် တိရစ္ဆာန်ဆေးကုအတတ်ပညာသင်ကျောင်းအဖြစ် စတင်သန္ဓေတည်ဖွင့်လှစ်ခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် ပျဉ်းမနား (ရေဆင်း)နယ်မြေသို့ ပြောင်းရွှေ့ဖွင့်လှစ်ရသဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ရုံးချုပ်အဖြစ် ဆက်လက်ထားရှိခဲ့ပါသည်။ အဆိုပါအဆောက်အအုံအား ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံအဖြစ် မှတ်တမ်းဝင်နိုင်ရေး ယဉ်ကျေးမှုဝန်ကြီးဌာနသို့ စိစစ်နိုင်ရန် ၂၀၁၆ ခုနှစ်၊ မတ်လ (၉) ရက်နေ့တွင် ပေးပို့ထားခဲ့ပြီးလည်း ဖြစ်ပါသည်။

၄။ ၂၀၁၄ ခုနှစ် အဆိုပါမြေနေရာတွင် နှစ်အဆက်ဆက် ကျူးကျော်ဝင်ရောက်နေထိုင်နေသူများကိုလည်း ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျရှင်းလင်းဖယ်ရှားခဲ့ပြီး သမိုင်းဝင်ကျောင်းပရိဝုဏ်အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးဆောင်ရွက်ပေးခဲ့ပါသည်။

၅။ အဆိုပါမြေနေရာအားလုံး ကျူးကျော်သူများ အန္တရာယ်မှကာကွယ်ရန်နှင့် တစ်ဦးတစ်ယောက်ပိုင်ဆိုင်မှု မဖြစ်စေရေး၊ သမိုင်းဝင်မြေနေရာအား မပျောက်ပျက်စေရန် လက်ရှိအချိန်အထိ မည်သူတစ်ဦးတစ်ယောက်ထံသို့ လွှဲပြောင်း၍ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းမရှိပါကြောင်း ရှင်းလင်းဖော်ပြအပ်ပါသည်။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇုန်လှယ်ထန်းအား ဝက်စ်မင်စတာ ဒီမိုကရေစီဖောင်ဒေးရှင်းအဖွဲ့ တွေ့ဆုံ

**နေပြည်တော် မတ် ၂၁**

အမျိုးသားလွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇုန်လှယ်ထန်းအား UK နိုင်ငံ Westminster Foundation for Democracy (WFD) မှ Mr. Devin O'Shaughnessy နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ကော်မတီဆောင်အမှတ်(၂၀) ညှိခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်များနှင့် ဝန်ထမ်းများ၏ Capacity Building မြှင့်တင်ရေး၊ ဝန်ထမ်းများကို သင်တန်းပေးရေး၊ လွှတ်တော်နှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေပြုခြင်း၊ ဥပဒေပြင်ဆင်ခြင်းကိစ္စ၊ မြေအသုံးချမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကော်မတီအတွင်းရေးမှူး ဒေါ်ထုမေ၊ ကော်မတီဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ အလင်းရောင်ခရီးစဉ် မျက်စိအတွင်းတိမ် အခမဲ့ခွဲစိတ်ကုသခြင်း ကျင်းပ

**တောင်ကြီး မတ် ၂၁**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ အလင်းရောင်ခရီးစဉ် မျက်စိအတွင်းတိမ် အခမဲ့ခွဲစိတ်ကုသခြင်းကို မတ် ၂၁ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားပြီး ယူနန်ပြည်နယ် ကုသရေးအဖွဲ့ခေါင်းဆောင် ယူနန်ပြည်နယ်/ပြည်ပချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ၊ ယူနန်ပြည်နယ် လူမှုရေးအဖွဲ့အစည်း



ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ယူနန်ဆေးကုသရေးအဖွဲ့နှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

နိုင်ငံတကာ ကူးလူးဆက်ဆံမှု တိုးမြှင့်ရေးအသင်း ကောင်စီဥက္ကဋ္ဌ Mr.Cheng Yunchuan နှင့် Mr.Lei Yang တို့က အလင်းရောင် ခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## သင်္ကြန်ကာလ ယာဉ်တိုက်မှုများ မဖြစ်ပေါ်စေရေး အသိပညာပေး

**တာချီလိတ် မတ် ၂၁**

သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးသုံးစွဲ၍ မဆင်မခြင်မောင်းနှင်မှုများကြောင့် ယာဉ်တိုက်မှုများ မဖြစ်ပေါ်စေရေးအတွက် အသိပညာပေးဟောပြောပွဲကို မတ် ၂၁ ရက် နံနက်က တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ဝိန်းကျောက်ဘုန်းကြီးကျောင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဟောပြောပွဲတွင် အမှတ်(၁၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်ဇော်ဇော်ညွှန့်က မဟာသင်္ကြန်ကာလအတွင်း ယာဉ်မဆင်မခြင်မောင်းနှင်မှုများကြောင့် သေဆုံးအရေးယူခံရသည့် ဖြစ်စဉ်များကို လည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်ရမည့် အကြောင်းအရာများကို လည်းကောင်း ယာဉ်မတော်တဆမှုဖြစ်စဉ်များ၊ လမ်းညွှန်အမှတ်အသားများ၊ ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေ သစ်နှစ် ဒဏ်ငွေများအကြောင်းတို့ကို ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောသည်။

မဟာသင်္ကြန် ကာလအတွင်း ယာဉ်တိုက်မှုများ မဖြစ်ပေါ်စေရေးနှင့် စည်းကမ်းပျက်မောင်းနှင်သော ယာဉ်ဆိုင်ကယ်များကို ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၂၁**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

## အခြေခံကဗျာလွတ်အက(ပထမအဆင့်)ဆင့်ပွားနည်းပြသင်တန်းဖွင့်

**မန္တလေး မတ် ၂၁**

ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော မြန်မာအက အခြေခံကဗျာလွတ်(ပထမအဆင့်)ဆင့်ပွားနည်းပြသင်တန်း အမှတ်စဉ်(၁/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးသန်းဆွေက အမှာစကားပြောကြားရာ ရှေးယခင်မြန်မာသဘင်မှုသင်ကြားသည့်စနစ်သည် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း၊ တစ်ဆရာမူဖြင့် သင်ကြားခဲ့ရာက သင်ကြားမှုစနစ်တစ်ခု ပေါ်ပေါက်လာစေရန် အဆင့်ဆင့်ကြိုးပမ်းခဲ့သော အကစနစ်ဖြစ်ကြောင်း၊ မြန်မာအကအခြေခံသည် ခေါင်း၊ ခါး၊ ခြေလက်ဖြစ်ကြောင်း၊ ထိုနည်းတူ မြန်မာနိုင်ငံသား တိုင်းရင်းသားများ၏ အကအခြေခံသည်လည်း ခေါင်း၊ ခါး၊ ခြေ၊ လက်ပဲဖြစ်ကြောင်း၊ ကဗျာလွတ်အက၏ သင်ရိုးသည် ခေါင်း၊ ခါး၊ ခြေ၊ လက်တို့၏ လှုပ်ရှားမှုများကို စည်းဝါးကျနမှု၊ အနုပညာမြောက်စေမှုတို့ဖြင့် တစ်ဆင့်ခြင်းလေ့ကျင့်ရာမှ ခေါင်း၊ ခါး၊ ခြေ၊ လက်အစုံပေါင်းစပ်ပြီး အကစစ်ဖြစ်ပေါ်လာစေသည်အထိ စနစ်တကျပြုစုထားသော သင်ရိုးစနစ်တစ်ခုဖြစ်ကြောင်း၊ သို့ဖြစ်၍ အခြေခံကဗျာလွတ်အကကို တတ်မြောက်ခြင်းသည် အကအားလုံး၏အခြေခံကို သိရှိနားလည်ခြင်းဖြစ်ကြောင်း မှာကြားသည်။

သင်တန်းသို့ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တို့မှ အခြေခံပညာကျောင်းဆရာ ဆရာမ စုစုပေါင်း ၁၀၀ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလသည် မတ် ၂၁ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရန်ကုန်မြို့တော် မဟာသင်္ကြန်ရေဆက်သွယ်ကစားလိုသူများ ဧပြီ ၁၂ ရက်နောက်ဆုံးထား လျှောက်ထားရန်လို

**ရန်ကုန် မတ် ၂၁**

၁၃၇၇ ခုနှစ် မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ရေပိုက်လိုင်းနှင့် အင်းလျားကန်၊ ကန်တော်ကြီးတို့မှ ရေဆက်သွယ်ကစားလိုသူများသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)သို့ ဧပြီ ၁၂ ရက် သင်္ကြန်အကြိုနေ့(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ယာယီရေဆက်သွယ်ခွင့်ရရန်အတွက် ခွင့်ပြုမိန့်လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် လျှောက်လွှာများကို သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ မြို့နယ် (ရေ/သန့်) တာဝန်ခံရုံးများနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ၁၂ ထပ် တိုးချဲ့ရုံးသစ် ပဉ္စမထပ်(ဗိုလ်မြတ်ထွန်းလမ်းနှင့် ၄၆ လမ်းကြား၊ ကုန်သည်လမ်းပေါ်)ရှိ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ရုံးခန်း၌ အခမဲ့ထုတ်ယူနိုင်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာနမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**ကိုချစ်**

## သတင်းများယွင်းဖော်ပြမှုအတွက် တာဝန်ရှိခြင်း

၂၀၁၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ နေ့လယ် ၁၂ နာရီခန့်တွင် The Ladies News Journal ၏ Facebook စာမျက်နှာ၌ 'ပြည်ထောင်စုလွှတ်တော်မှဖွဲ့စည်းပေးထားသည့် ဥပဒေနှင့်အထူးကိစ္စရပ်များ လေ့လာသုံးသပ်ဆန်းစစ်ရေးကော်မရှင်သည် ပြည်ထောင်စုအဆင့်နှင့် လျော်ညီခြင်းမရှိဟုဆိုကာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ထံ တပ်မတော်အစုအဖွဲ့က တိုင်ကြားကန့်ကွက်စာပေးပို့ထားကြောင်း ကော်မရှင်အဖွဲ့ဝင်တစ်ဦး က အတည်ပြုပြောသည်' ဟု သတင်းဖော်ပြထားရှိပါသည်။ ယင်းအကြောင်းအရာနှင့်ပတ်သက်၍ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့အနေဖြင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ထံသို့ တိုင်ကြားကန့်ကွက်စာပေးပို့ထားခြင်းမရှိကြောင်းနှင့် သက်ဆိုင်ရာသတင်းအေဂျင်စီအနေဖြင့်လည်း သတင်းများယွင်းဖော်ပြမှုအတွက် တာဝန်ယူဖြေရှင်းသွားရန်လိုအပ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။ **တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့**

## သက်ဆိုင်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရ

**နေပြည်တော် မတ် ၂၁**

အင်တာနက်လူမှုကွန်ရက်၏ Bo Bo Myo Thant Facebook စာမျက်နှာတွင် Yuzana Plaza Car Parking ၌ မွန်ပြည်သူ့စစ်အဖွဲ့မှ ဦးနိုင်ရာကျော်ဆိုသူနှင့် ဘိုဘိုမျိုးသန့်ဆိုသူတို့ ပြဿနာဖြစ်ပွားခဲ့မှုကို ဓာတ်ပုံများဖြင့် ဖော်ပြထားရှိရာ တပ်မတော်၏ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေသည့် ရေးသားဖော်ပြမှုများ၊ လုပ်ဆောင်မှုများ ပါဝင်နေကြောင်း၊ တရားဝင်ဖွဲ့စည်းခွင့်ပြုထားသည့် ပြည်သူ့စစ်အဖွဲ့များ၏ ဖွဲ့စည်းမှုတွင် အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်ဟူ၍သာရှိပြီး ရာထူး၊ အဆင့်များ သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေရန် လုပ်ဆောင်မှုများအတွက် သက်ဆိုင်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ သိရသည်။

**(မြဝတီ)**

# အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုဆုရသူများ မလေးရှားသို့ စေလွှတ်ယှဉ်ပြိုင်မည်

**ရန်ကုန် မတ် ၂၁**

မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(National Skills Standards Authority-NSSA)မှ ဦးဆောင်၍ မြန်မာနိုင်ငံ အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုပြိုင်ပွဲ ၂၀၁၆ တွင် ဆုရရှိသောလူငယ်များအား လေ့ကျင့်သင်ကြားပေးပြီး မလေးရှားနိုင်ငံ၌ ကျင်းပမည့် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ပြောသည်။

"မကြာမီ ပေါ်ပေါက်လာတော့မယ့် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC) ဖြစ်လာတဲ့အချိန်မှာ အာဆီယံလွတ်လပ်တဲ့ ကုန်သွယ်မှုဇုံနယ်မြေ (ASEAN Free Trade Area-AFTA)မှာ ပါဝင်တဲ့လွတ်လပ်တဲ့ ကူးလူးသွားလာမှု (Free Flow) ဖြစ်ပေါ်လာမှာဖြစ်တဲ့အတွက် ဒီလိုဖြစ်လာချိန်မှာ မြန်မာလုပ်သားထုဟာ အလုပ်အကိုင်ကျွမ်းကျင်မှုအရည်အသွေး (Skills) မရှိခဲ့ရင် မြန်မာနိုင်ငံရဲ့ အလုပ်သမားဈေးကွက် (Labour Market) မှာ အခြားအာဆီယံနိုင်ငံများမှ ကျွမ်းကျင်လုပ်သား (Skilled Labour) တွေက နေရာယူကြီးစိုးသွားမှာဖြစ်ပါတယ်။ ဒီလိုမဖြစ်ရလေအောင် အခု မြန်မာကျွမ်းကျင်မှုပြိုင်ပွဲက စပြီးဆုရတဲ့ကလေးတွေကို စနစ်တကျလေ့ကျင့်သင်ကြားပေးပြီး မလေးရှားနိုင်ငံမှာ ကျင်းပမယ့် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲသို့ ယှဉ်ပြိုင်နိုင်အောင် စီစဉ်သွားမှာဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက မတ် ၂၀ ရက် ညနေပိုင်းက တာမွေမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းရှိ ပိုလိုကလပ်၌ ကျင်းပသော မြန်မာနိုင်ငံအလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုပြိုင်ပွဲ ၂၀၁၆ ပိတ်ပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားတွင် ပြောကြားသည်။



မြန်မာနိုင်ငံအလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုပြိုင်ပွဲ ၂၀၁၆ တွင် မြန်မာကျွမ်းကျင်မှုဆုရသူများအား တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အဆိုပါ မြန်မာကျွမ်းကျင်မှုပြိုင်ပွဲကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)၌ မတ် ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့ရာ ပြိုင်ပွဲအမျိုးအစား ၁၀ မျိုး ထည့်သွင်းကျင်းပခဲ့သည်။ ယင်းပြိုင်ပွဲတွင် အုတ်စီခြင်းကျွမ်းကျင်မှုပြိုင်ပွဲ (Brick Laying Skill Area) မောင်ဇေယျာအောင် (KKN ဆောက်လုပ်ရေး )၊ ပရိဘောဂလက်သမားကျွမ်းကျင်မှုပြိုင်ပွဲ (Cabinet Making Skill Area) မောင်ကောင်းဆက်လှိုင် (CVT)၊ ချက်ပြုတ်မှုကျွမ်းကျင်ပြိုင်ပွဲ (Cooking Skill Area) မောင်စသူရိန်ဝင်း (Le Planteur Restaur-ant & Longue)၊ လျှပ်စစ်တပ်ဆင်မှုကျွမ်းကျင်မှုအတတ်ပညာ (Electri-cal Installation Skill Area) မောင်အောင်ကိုလတ် (AEG Co,Ltd)၊ လျှပ်စစ်ကျွမ်းကျင်မှုပြိုင်ပွဲ (Electronics Skill Area) မောင်သူရလင်း (အမှတ်-၃ စက်မှုသင်တန်းကျောင်းသာဂရ)၊ စက်နှင့်လျှပ်စစ်ကျွမ်းကျင်မှုပြိုင်ပွဲ (Mecha-tronics Skill Area) ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်အဖွဲ့၊ ရေခဲသေတ္တာနှင့် အဲကွန်းကျွမ်းကျင်မှုပြိုင်ပွဲ (Refrigeration & Air Conditioning Skill Area) မောင်ချစ်ရအောင် (Everest Group)၊ စားသောက်ဆိုင်ဝန်ဆောင်မှုကျွမ်းကျင်မှုပြိုင်ပွဲ (Restaurant Service Skill Area) မောင်မျိုးအောင် (Mon- soon Restaurant)၊ မိုဘိုင်းစက်ရုပ် ကျွမ်းကျင်မှုပြိုင်ပွဲ (Mobile Robotic Skill Area) သန်လျင်နည်းပညာတက္ကသိုလ်၊ သံဂဟေဆက်ကျွမ်းကျင်မှုပြိုင်ပွဲ (Wel-ding Skill Area (Open) မောင်ဟိန်းကို (မင်းဓမ္မကုမ္ပဏီလီမိတက်)၊ သံဂဟေဆက်ကျွမ်းကျင်မှုပြိုင်ပွဲ (Welding Skill Area Under 22) မောင်ကောင်းထက်ဝန်း (Arbourfield Co., Ltd.) တို့က သက်ဆိုင်ရာပြိုင်ပွဲ အမျိုးအစားအလိုက် ဆုတံဆိပ်များ ရရှိခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲဆုရသူများအား ဆက်လက်သင်ကြားလေ့ကျင့်ပေးပြီး ထူးချွန်သူလူငယ်များအား စက်တင်ဘာလတွင် မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၁၁) ကြိမ်မြောက် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲများကို ၁၉၉၅ ခုနှစ်တွင် စတင်ကျင်းပပြီး မြန်မာနိုင်ငံအနေဖြင့် (၆)ကြိမ်မြောက် ပြိုင်ပွဲ၊ (၇)ကြိမ်မြောက် ပြိုင်ပွဲနှင့် နောက်ဆုံးကျင်းပခဲ့သည့် (၁၀) ကြိမ်မြောက်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ(၁၀)ကြိမ်မြောက် ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ကျွမ်းကျင်မှုခြောက်မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အချက်ပြုတ်ကျွမ်းကျင်မှုပြိုင်ပွဲတွင် Medal- lion of Excellence ဆုတံဆိပ်ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## မြန်မာ ရေဆေးပန်းချီအသင်းနှင့် ထိုင်း ဖုန်းကန်တက္ကသိုလ်တို့ ပူးပေါင်း၍ ပန်းချီဓာတ်ပုံပြပွဲကျင်းပ

**မန္တလေး မတ် ၂၁**

မြန်မာနိုင်ငံ ရေဆေးပန်းချီအသင်းနှင့် ထိုင်းနိုင်ငံ ဖုန်းကန်တက္ကသိုလ်တို့ ပူးပေါင်းပြသသည့် ပန်းချီဓာတ်ပုံပြပွဲအား မတ် ၂၁ ရက်မှစတင်ကာ မန္တလေးမြို့ မန္တလေးတောင်အရှေ့ဘက်ရှိ ကုသိုလ်တော်ပြခန်း၌ ဖွင့်လှစ်ပြသလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပန်းချီဓာတ်ပုံပြပွဲတွင် ထိုင်းနိုင်ငံမှ ဓာတ်ပုံပညာရှင် ၁၅ ဦးက ဓာတ်ပုံ ၄၇ ပုံ၊ မြန်မာဓာတ်ပုံပညာရှင်တစ်ဦးက ဓာတ်ပုံငါးပုံ စုစုပေါင်း ၅၂ ပုံနှင့် ထိုင်းပန်းချီပညာရှင်ခုနစ်ဦးနှင့် မြန်မာနိုင်ငံမှ ပန်းချီပညာရှင် ဒေါက်တာလွန်းကြွယ်၊ ပန်းချီစိုးမိုးနှင့် ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ တောင်ကြီး၊ မုံရွာ စသည့်မြို့များမှ ပန်းချီဆရာကြီးများ၏ ရေဆေးပန်းချီကား စုစုပေါင်း ၆၂ ကားတို့အား မတ် ၂၁ ရက်မှ၂၅ ရက်ထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။



"မြန်မာ-ထိုင်း ပူးပေါင်းလုပ်တဲ့ပြပွဲကို စိတ်ဝင်စားကြပါတယ်။ အခုလို ပြပွဲဖြစ်မြောက်အောင် ကူညီပေးကြတဲ့ မန္တလေးကပန်းချီဆရာများနဲ့ ပါဝင်ကူညီဆောင်ရွက်ပေးသူများကို ကျေးဇူးတင်ရှိပါတယ်။ ရှေ့ဆက်ပြီးလည်း အပြန်အလှန် အနုပညာဖလှယ်ဖို့ ပြပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ဆက်လက်လုပ်ဆောင်သွားဖို့ အစီအစဉ်ရှိပါတယ်" ဟု ထိုင်းနိုင်ငံ ဓာတ်ပုံပညာဌာန တွဲဖက်ပါမောက္ခ Dr. Kavaid Silsat က ပြောကြားခဲ့ပြီး စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကူးကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## တပ်မတော်နေ့ဂုဏ်ပြု စွန့်လွှတ်စစ်သည်များထောက်ပံ့

**ပဲခူး မတ် ၂၁**

ပဲခူးမြို့ စစ်မှုထမ်းဟောင်းအဖွဲ့မှ(၇၁) နှစ်မြောက် တပ်မတော်နေ့အားဂုဏ်ပြုသောအားဖြင့် နိုင်ငံနှင့်တပ်မတော်အတွင်း တိုက်ပွဲတွင် ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့ကြသော စစ်သည်အငြိမ်းစား ၁၄၂ ဦးနှင့် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ ထူးချွန်အားကစားဆုရရှိသည့် မသန်စွမ်းစစ်သည်တို့အား ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းပေးအပ်ခြင်းအခမ်းအနားကို မတ် ၂၀ ရက်က ပဲခူးမြို့နယ် စစ်မှုထမ်းဟောင်းရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့နာယက ဗိုလ်မှူးချုပ်သူရမောင်နီ(ငြိမ်း)နှင့် အငြိမ်းစားအရာရှိကြီးများ၊ မော်ကွန်းဝင်ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များ၊ စွန့်လွှတ်စစ်သည်များ တက်ရောက်ကြသည်။ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးလှတင်ဦး(ငြိမ်း)မှ စွန့်လွှတ်စစ်သည်များအားထောက်ပံ့ငွေကျပ် ၂၈၃၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ လူမှုသက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေးအပါအဝင် ပြည်သူ့အကျိုးပြုလုပ်ငန်းများအတွက် နှစ်စဉ်ထောက်ပံ့ပေးခဲ့ရာ ငါးနှစ်တာကာလအတွင်း ငွေကျပ် ၉၁၁ သိန်း ထောက်ပံ့ပေးခဲ့သည်။ **စိန်လှိုင်ဗိုလ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၂၁**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်ဖြစ်သည်။

ဖြစ်နိုင်ဖွယ်အပူချိန်များမှာ နေပြည်တော်နှင့်မန္တလေးမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်(၁၀၄ ဒီဂရီဖာရင်ဟိုက်)၊ ရန်ကုန်မြို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်(၁၀၀ ဒီဂရီဖာရင်ဟိုက်) ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ **(မြန်မာ့အလင်း)**

# ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်ပွဲကျင်းပ

**ရန်ကုန် မတ် ၂၃**

မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးခေါင်ခြောက်သွေ့ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ အအေးလှိုင်းကျရောက်ခြင်း၊ အပူချိန်မြင့်ထန်ခြင်းစသည့် ရာသီဥတုဖောက်ပြန်မှုများကို တစ်ကမ္ဘာလုံး ကြုံတွေ့ခံစားနေကြရသည်။ ကမ္ဘာ့မိုးလေဝသသည် ပုံမှန်မဟုတ်ဘဲ ဖောက်ပြန်ပြောင်းလဲလာလျက်ရှိရာ ကမ္ဘာ့ပြည်သူများအတွက် အကြီးမားဆုံး စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။ မိုးလေဝသဆိုင်ရာဖြစ်စဉ်များကို ပြည်သူများ သတိပြုမိစေရန် နှစ်စဉ် မတ် ၂၃ ရက်ရောက်တိုင်း ကမ္ဘာ့မိုးလေဝသနေ့ သတ်မှတ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် အခမ်းအနားများ ကျင်းပကြသည်။ ၂၀၁၆ ခုနှစ် မတ် ၂၃ ရက်တွင်ကျရောက်မည့် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒရုံးခန်းမ၌ မတ် ၂၁ ရက် နံနက် ၉ နာရီကကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်နှင့် တာဝန်ရှိသူများ၊ မိုးလေဝသဆိုင်ရာပညာရှင်များ တက်ရောက်ကြသည်။

"ကမ္ဘာကြီးမှာ ဖန်လုံအိမ်ဓာတ်ငွေ့တွေ ထုတ်လွှတ်မှုများလာပြီး ရာသီဥတုပြောင်းလဲလာမှုကြောင့် ပိုမိုပူပြင်းလာခြင်း၊ ပိုမိုခြောက်သွေ့လာခြင်းနဲ့ ပိုမိုစွတ်စိုလာခြင်း စတဲ့ အစွန်းရောက်မိုးလေဝသဖြစ်စဉ်တွေကို လက်ရှိအချိန်မှာ ကမ္ဘာနဲ့အဝန်း ရင်ဆိုင်နေရပါတယ်။ အဲဒီအခြေအနေတွေဟာ အနာဂတ်ကာလမှာလည်း ဆက်လက်ရင်ဆိုင်ရနိုင်တဲ့အတွက် နိုင်ငံတကာမှအစိုးရအဖွဲ့တွေ၊ ဆုံးဖြတ်ချက်ချနိုင်သူတွေ၊ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်အပါအဝင် အမျိုးသားမိုးလေဝသနဲ့ ဇလဗေဒဌာနတွေ

**သတင်းနှင့်ဓာတ်ပုံ**
**တင်စိုး(မြန်မာ့အလင်း)**

အနေနဲ့ အစွန်းရောက်မိုးလေဝသဖြစ်စဉ်တွေအတွက် ဘေးဒဏ်ခံနိုင်မှုလူမှုအဖွဲ့အစည်းတစ်ခုကို မဖြစ်မနေ ထူထောင်ရန် လိုအပ်နေပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်က ပြောကြားသည်။

ယခုနှစ်အတွက် မိုးလေဝသနေ့ဆောင်ပုဒ်မှာ "ရာသီဘေးဒဏ် လျော့ပါးဖို့၊ အနာဂတ်အတွက် ပြင်ဆင်စို့" ဟူ၍ ဖြစ်သည်။ မြန်မာနိုင်ငံ၌ ရာသီဥတုပြောင်းလဲမှုအပေါ် တုံ့ပြန်ဆောင်ရွက်မည့်လုပ်ငန်းများကို အလေးထားဆောင်ရွက်နေပြီး ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်လည်း ကြိုးစားဆောင်ရွက်လျက်ရှိသည်။



ထို့နောက် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဟာရင်နိုင်တီယမ်းက ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၊ အထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၁၆ ခုနှစ် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်သဝဏ်လွှာကို ဖတ်ကြားပြီးနောက် အငြိမ်းစားဝန်ထမ်းများအား ဂါရဝပြုကန်တော့ခြင်း၊ မိုးလေဝသဆိုင်ရာ အထောက်အကူပြုပစ္စည်းများပြသခြင်း၊ မိုးလေဝသနှင့် ဇလဗေဒနှင့် မြေငလျင်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

# ရှားတောမြို့နယ်၌ ၂၅ ခုတင်ဆံ့ ဆေးရုံသစ်ဖွင့်

**လွိုင်ကော် မတ် ၂၁**

ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်ဖြစ်စေရေး၊ အရည်အသွေးပြည့်ဝသောကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးတို့ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ဆေးကုသမှုလုပ်ငန်းများအတွက် လိုအပ်သည့်လူ့စွမ်းအားအရင်းမြစ်များ၊ အခြေခံအဆောက်အအုံများ၊ ဆေးနှင့်ဆေးပစ္စည်း၊ စက်ပစ္စည်းကိရိယာများကိုလည်း ဖြည့်ဆည်းပေးလျက်ရှိရာ လွိုင်ကော်ခရိုင် ရှားတောမြို့နယ် (၂၅) ခုတင်ဆံ့ဆေးရုံ စံကိုက်အဆောက်အအုံသစ်နှင့် ဝန်ထမ်းအိမ်ရာသစ်များ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက် က ကျင်းပခဲ့သည်။

အဆိုပါ ပင်မဆေးရုံအဆာက်အအုံသစ်ဆောက်လုပ်ခြင်း၊ ကုသရေးဦးစီးဌာနမှူး နေအိမ်၊ လေးခန်းတွဲနှစ်ထပ်ဆောင်ဆရာဝန်၊ အရာရှိအိမ်ရာ၊ ခြောက်ခန်းတွဲနှစ်ထပ် သူနာပြု ဝန်ထမ်းအိမ်ရာ၊ ရင်ခွဲရုံ၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ပြင်ပရေရရှိရေးဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများပါဝင်၍ လုပ်ငန်းများ အားလုံးပြီးစီးပြီဖြစ်သဖြင့် ကုသရေးဦးစီးဌာနသို့ အပ်နှံပြီးဖြစ်ကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှလည်း လူနာခုတင်များ၊ ခွဲစိတ်ခန်းသုံးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများအပါအဝင် စက်ကိရိယာပစ္စည်းများ၊ လူနာများအတွက် ဆေးနှင့်ဆေးပစ္စည်းများ လုံလောက်စွာဖြည့်ဆည်းထားရှိပြီးဖြစ်သည်။

၂၅ ခုတင်ဆံ့ ရှားတောမြို့နယ် ဆေးရုံအဆောက်အအုံသစ် တည်ဆောက်ရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၉၀၀ ဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မန္တလေးအသင်း(ရန်ကုန်) နှစ်ပတ်လည်စုံညီအစည်းအဝေး မန္တလေးချမ်းသာကြီးဆန်လှူအသင်းအား အလှူငွေပေးအပ်

**မန္တလေး မတ် ၂၁**

မန္တလေးအသင်း(ရန်ကုန်) (၃၉)ကြိမ်မြောက် နှစ်ပတ်လည်စုံညီအစည်းအဝေးကို မတ် ၂၀ ရက် နံနက် ၉ နာရီက ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းအသင်းတိုက် ရတနာပုံခန်းမဆောင်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးမြသောင်းက အမှာစကားပြောကြားပြီး နှစ်ပတ်လည်အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို အတွင်းရေးမှူး ဒေါ်မြင့်မြင့်စိန်၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်ညွန့်နှင့် ဘဏ္ဍာရေးမှူး ဒေါ်ခင်အေးမူတို့က တင်သွင်းဖတ်ကြားသည်။

ထို့နောက် မန္တလေးချမ်းသာကြီး ဆန်လှူအသင်းအား အစဉ်အလာမပျက်အသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မမက အလှူငွေကျပ် ရှစ်သိန်းလှူဒါန်းသည်။ ဆက်လက်၍ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များက အလင်္ကာကျော်စွာဘွဲ့ရ အကယ်ဒမီ ဒါရိုက်တာ စင်ရော်မောင်မောင် အပါအဝင် နိုင်ငံတော်က ဘွဲ့တံဆိပ်ချီးမြှင့်ခံရသူများ၊ ပါရဂူဘွဲ့ရရှိသူများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာဂုဏ်ထူးများဖြင့် အောင်မြင်ကြသူများအား ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်ရာ ဆုရကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အသင်းသို့ အလှူငွေပေးအပ်သူများ၊ ဆုများပေးအပ်ရာ ပါဝင်ကူညီလှူဒါန်းသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီးခဲ့ကြောင်း သိရသည်။

**စိန်ရွှေလှိုင်**

# ငါးနှစ်တာအတွင်း ကားစီးရေခြောက်သိန်းကျော် ရန်ကုန်ဆိပ်ကမ်းမှတင်သွင်း

**ရန်ကုန် မတ် ၂၁**

လက်ရှိ နိုင်ငံတော်အစိုးရလက်ထက်တွင် လူအများစုကားစီးနိုင်ရန်ရည်ရွယ်လျက် မော်တော်ကားတင်သွင်းမှု မူဝါဒများ ပြောင်းလဲဆောင်ရွက်ခဲ့ရာ ရန်ကုန်ဆိပ်ကမ်းမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ မော်တော်ကားစီးရေ ခြောက်သိန်းကျော် တင်သွင်းနိုင်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးမှ ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း မော်တော်ကားစီးရေ ၅၄၇၇၉ စီး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ၁၃၂၈၄၈ စီးအထိ တိုးတက်ခဲ့ရာ ယမန်နှစ်ကထက် ၄၂ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မော်တော်ကားစီးရေ ၁၈၉၁၀၂ စီး တင်သွင်းခဲ့ရာ သင်္ဘောစင်းရေအားဖြင့် ၁၅၈ စင်းရှိခဲ့ပြီး မြန်မာနိုင်ငံသို့ ရန်ကုန်ဆိပ်ကမ်းမှ ကားတင်သွင်းမှုအမြင့်ဆုံးနှစ်တစ်နှစ်ဖြစ်ခဲ့သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်မူ ၁၆၆၃၂၆ စီး တင်သွင်းခဲ့ပြီး ထိုအရင်တစ်နှစ်ကထက် ရာခိုင်နှုန်းအားဖြင့် အနည်းငယ်ကျဆင်းခဲ့သည်။ "ရန်ကုန်ဆိပ်ကမ်းသို့ မော်တော်ကားများ သင်္ဘောများဖြင့်



ဆိုက်ရောက်မှုဟာ ကားတင်သွင်းရေးမူဝါဒအပေါ်မှာ မူတည်ပါတယ်" ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သင်္ဘောကိုယ်စားလှယ်လုပ်ငန်းဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးဇော်ထွန်းလွင်က စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောသည်။

လက်ရှိဘဏ္ဍာနှစ် ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း ဖေဖော်ဝါရီလကုန်အထိ ရန်ကုန်ဆိပ်ကမ်းမှ ကားတင်သွင်းမှုမှာ ကားစီးရေ ၁၀၆၃၄၉ စီးရှိခဲ့ကြောင်း သက်ဆိုင်ရာထုတ်ပြန်ကြေညာချက်အရ သိရသည်။ ငါးနှစ်တာကာလအတွင်း ရန်ကုန်ဆိပ်ကမ်းမှ သင်္ဘောများဖြင့် ရောက်ရှိလာသော တင်သွင်းခဲ့သည့် ကားစီးရေ ၆၄၉၄၀၄ စီးရှိပြီး သင်္ဘောဖြင့်ရောက်ရှိမှု အကြိမ်ပေါင်း ၆၅၂ ကြိမ်ရှိကြောင်း သိရသည်။

ရန်ကုန်ဆိပ်ကမ်းသို့ သင်္ဘောများဖြင့်ရောက်ရှိလာရာသီလဝါ ဆိပ်ကမ်း၌ အများဆုံး ကားများရောက်ရှိလာကြောင်း သိရသည်။ ယခုအခါ ဆိပ်ကမ်းများ၌ နှစ်ချီကြာနေသော်လည်း လာရောက်ထုတ်ယူခြင်းမရှိသော ကားများအများအပြားရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး**
**(မြန်မာ့အလင်း)**

# စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေး

**ဘီးလင်း မတ် ၂၁**

ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ကျေးရွာစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၉ ရက်က မြို့နယ်ရုံးစာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစောမောင်မောင်မြင့်က အမှာစကားပြောကြားပြီး သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က ဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါဆွေးနွေးပွဲတွင် စာကြည့်တိုက်များတွင် ဝန်ဆောင်မှုပေးနိုင်မည့်နည်းလမ်းများ စာကြည့်တိုက်တွင် စာဖတ်သူတိုးပွားလာအောင် ဆောင်ရွက်မည့်နည်းလမ်းများနှင့် စာကြည့်တိုက်များတွင် ကြုံတွေ့နေရသည့်အခက်အခဲ၊ စိန်ခေါ်မှုများနှင့် ကျော်လွှားနိုင်မည့်နည်းလမ်းများကို မြို့နယ်အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာကြည့်တိုက်မှူးများနှင့် ကော်မတီအဖွဲ့ဝင်များက အုပ်စုသုံးစုခွဲ၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တောဖျားကန်ချောင်း စာပေဟောပြောပွဲကျင်းပ

**ပုဏ္ဏားကျွန်း မတ် ၂၁**

ရွှေကန်တောင်ပညာဖွံ့ဖြိုးရေးအသင်း (ကန်ချောင်း)မှ ကြီးမှူးကျင်းပသော ပထမအကြိမ် စာပေဟောပြောပွဲကို ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် တောဖျားကန်ချောင်းကျေးရွာ၌ မတ် ၂၀ ရက်ညကကျင်းပကြောင်း သိရသည်။

စာပေဟောပြောပွဲတွင် ဆရာလေးဝတီထွန်းစောခိုင်က အောင်မြင်ခြင်းနှင့် မြင့်မြတ်စိတ်ဓာတ်၊ ဆရာဝေဟင်အောင်က အရှေ့ဘက်မှာ ကွယ်သည့်နေ စသည့် ခေါင်းစဉ်များဖြင့်ဟောပြောကြပြီး စာချစ်သူစာပေဝါသနာရှင် ၁၀၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုကြီးစော**

# သစ်တောပြုန်းတီးမှုကို နည်းမျိုးစုံဖြင့် တားဆီးကာကွယ်

အငြိမ်းစားပါမောက္ခချုပ်
ဦးဝင်းကြည် (သစ်တောတက္ကသိုလ်)

**စာရေးသူတို့ နိုင်ငံအတွင်းမှ တရားမဝင် သစ်ခိုးထုတ်မှုများသည် သစ်တောဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများ ဖမ်းဆီးနေသည့်ကြားမှ လျော့နည်းသွားခြင်းမရှိဘဲ နေ့စဉ်လိုပင် ကြားသိနေရပါသည်။**

သာယာဝတီခရိုင် တစ်ခုတည်းမှာပင် ယခုလအတွင်း ဖမ်းမိသော သစ်လုံးတန်ချိန် ၄၀၀ ကျော်ရှိပြီး ဖေ့ဘွတ်ခ်တွင် တင်ထားသော ဓာတ်ပုံများအရ ဖမ်းမိသော သစ်လုံးများ၏ အရွယ်အစားနှင့် အရည်အသွေးမှာ အလွန်ကောင်းမွန်ကြောင်း တွေ့မြင်ရပါသည်။ ဤနှုန်းအတိုင်းသာ သွားမည်ဆိုပါက စာရေးသူတို့၏ သစ်တောများပြုန်းသည်ထက် ပိုပြုန်းပြီး မျိုးပွားပေးမည့် သစ်စေ့များကို ထုတ်လုပ်ပေးမည့် သစ်ပင်ကြီးများ ပျောက်ကွယ်ပြီး မျိုးဆက်ပြတ်မည်ကိုပင် စိုးရိမ်ရသည့်အခြေအနေသို့ ရောက်ရှိနိုင်ပါသည်။

သစ်တောဝန်ထမ်းများ အနေဖြင့်လည်း ၎င်းတို့ထိန်းသိမ်းရသော သစ်တောဧရိယာ ကျယ်ဝန်းခြင်းကြောင့် အကွက်စေ့အောင် မကြီးကြပ်နိုင်သည်သာမက ဖမ်းဆီးရေးထွက်သည့်အခါတွင်လည်း လူအင်အားနည်းခြင်း၊ လက်နက်မပါခြင်းများကြောင့် သစ်ခိုးသူများ၏ ပြန်လည်တိုက်ခိုက်ခြင်းခံခဲ့ရပါသည်။ ယခုရက်ပိုင်းအတွင်းမှာပင် မော်တော်ဆိုင်ကယ်ဖြင့် သစ်ခိုးထုတ်သူများအား ဖမ်းဆီးခဲ့သော လယ်ဝေးမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများအား သစ်ခိုးသူများက ပြန်လည်၍ ရန်မူခြင်းကြောင့် ဦးစီးအရာရှိနှင့် တောအုပ်တစ်ဦး လက်ဖျံရိုးကျိုးပြီး နောက်တောအုပ်တစ်ဦး ဒဏ်ရာအနာတရရရှိခဲ့ကြောင်း သိရှိရပါသည်။

စာရေးသူအနေဖြင့် ဤမျှ ဖမ်းဆီးနေသည့်ကြားမှ အဘယ်ကြောင့် ယခုကဲ့သို့ သစ်ခိုးသူများပေါ်များနေရပါသလဲ။ အဘယ်ကြောင့် ယခုကဲ့သို့ ဥပဒေမဲ့ သောင်းကျန်းနေကြပါသလဲဟု ဆန်းစစ်ကြည့်သည့်အခါ အဖြေနှစ်ခု ထွက်လာပါသည် -

(၁) တောသူတောင်သားများသည် တစ်နေ့ငွေကျပ် ၃၀၀၀ ရသည့် နေ့စားအလုပ်တစ်ခုခုရရန် မလွယ်ကူသော်လည်း သစ်ခိုးထုတ်ပြီး လွတ်ပါက တစ်ရက်လျှင် ငွေတစ်သောင်းခန့် တွက်ချေကိုက်ခြင်းကြောင့် ဖြစ်ပါသည်။ (အထက်ဖော်ပြပါ လယ်ဝေးမှ ဆိုင်ကယ်ဖြင့် သစ်ခိုးထုတ်သူများသည် ဆိုင်ကယ်တစ်စီးလျှင် သစ်လုံးတန်တစ်မတ်ခန့် သယ်ယူနိုင်ပြီး ဆိုင်ကယ်တစ်ခေါက်လျှင် ငွေနှစ်သောင်းခန့် အမြတ်ရကြောင်း သိရှိရပါသည်။)

(၂) သစ်ခိုးသူများက နည်းမျိုးစုံဖြင့် သစ်ခိုးနေကြခြင်းသည် ၎င်းတို့၏ ခိုးသစ်များကို လက်ခံဝယ်ယူသူများ ရှိနေခြင်းကြောင့် ဖြစ်ပါသည်။ ရိုးရှင်းစွာပြောရလျှင် "သူခိုးလက်ခံ" များ ရှိနေသောကြောင့် ဖြစ်ပါသည်။

**သစ်တောဝန်ထမ်းများ အနေဖြင့်လည်း ၎င်းတို့ထိန်းသိမ်းရသော သစ်တောဧရိယာ ကျယ်ဝန်းခြင်းကြောင့် အကွက်စေ့အောင် မကြီးကြပ်နိုင်သည်သာမက ဖမ်းဆီးရေးထွက်သည့်အခါတွင်လည်း လူအင်အားနည်းခြင်း၊ လက်နက်မပါခြင်းများကြောင့် သစ်ခိုးသူများ၏ ပြန်လည်တိုက်ခိုက်ခြင်းခံခဲ့ရ**

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က စာရေးသူသည် ရေဆင်းမှ ရန်ကုန်သို့ တာဝန်ဖြင့် သွားခဲ့စဉ်က စာရေးသူ၏ မိဘခြံထဲတွင် ညဘက်ရပ်ထားသော T-2000 ရုံးကားမှ နောက်ကြည့် မှန်နှစ်ချပ် အခိုးခံခဲ့ရပါသည်။ ယင်းမှန်နှစ်ချပ်ကို အစားပြန်ထည့်ရန် မြို့ထဲမှ ကားပစ္စည်းအဟောင်း ရောင်းချသည့် ဆိုင်များသို့ (နံနက် ၉ နာရီခန့်က) သွားရောက် စုံစမ်းရာ ယင်းပစ္စည်းမရှိသေးကြောင်း၊ ၁၀ နာရီ ကျော်မှ တစ်ခေါက်ပြန်လာရန် ဆိုင်ရှင်ကပြောသဖြင့် ၁၀ နာရီကျော်သည့်အခါ နောက်တစ်ခေါက်သွားခဲ့ရာ စာရေးသူလိုချင်သည့်ပစ္စည်းကို ရရှိခဲ့ပါသည်။ (ဥပဒေအရဆိုလျှင် ခိုးရာပါပစ္စည်းကို လက်ခံသောဆိုင်ရှင်ကို အရေးယူရမည်ဖြစ်ပါသည်။ ခိုးရာပါပစ္စည်းမှန်းသိလျက်နှင့် ဝယ်ယူခဲ့သည့် စာရေးသူလည်း အပြစ်မကင်းပါ။)

စာရှုသူများ သိရှိကြသည့်အတိုင်း ထိုခေတ်က ယခုအခြေအနေကဲ့သို့ မဟုတ်ပေ။ ရှားပါးသဖြင့် မြို့ထဲတွင် ကားရပ်ထားလျှင် နောက်ကြည့်မှန်၊ မီးလုံးစသည်များသာမက ကားတံဆိပ်များကိုပါ ဖြုတ်ခိုးကြပါသည်။ ကားအပိုပစ္စည်းများကို ပြည်ပမှ လုံလောက်စွာ မတင်သွင်းနိုင်သဖြင့် ကားပစ္စည်းဆိုင် အချို့က ခိုးရာပါပစ္စည်းများကို လက်ခံပြီး ပြန်လည်ရောင်းချကြခြင်းဖြစ်ပါသည်။ ယခုကာလတွင် ကားများကို မည်သည့်နေရာတွင်ဖြစ်စေ မည်မျှကြာအောင် ရပ်ထားသည်ဖြစ်စေ ပစ္စည်းများဖြုတ်အခိုးမခံရတော့ပါ။ ကားပစ္စည်းဆိုင်များသည်လည်း မိမိတို့လိုချင်သည့် ပစ္စည်းများကို လိုချင်သမျှ မှာယူတင်သွင်း၍ ရနေသောကြောင့် ခိုးရာပါပစ္စည်းကို လက်မခံကြတော့ပါ။ ခိုးရာပါပစ္စည်းများကို လက်ခံ၍ ဝယ်ယူမည့်သူ မရှိတော့ခြင်းကြောင့် အလစ်သမားများ ကားပစ္စည်းများ မဖြုတ်ကြတော့ပါ။

စာရေးသူတို့ နိုင်ငံမှ သစ်ခွဲသား ဈေးနှုန်းများ ကြီးမြင့်နေပြီး ပေါပေါများများ (တရားဝင်) ဝယ်ယူနိုင်ရန် မလွယ်ကူခြင်းကြောင့် လွန်ခဲ့သည့် သုံးနှစ်ခန့်က စာရေးသူနှင့် ရင်းနှီးသည့် သစ်လုပ်ငန်းရှင်တစ်ဦးအား ပြည်ပနိုင်ငံများမှ သစ်ခွဲသား တင်သွင်းရေးအတွက် စုံစမ်းကြည့်ရန်၊ ထိုင်းနိုင်ငံတွင် ပြည်ပမှ သစ်များတင်သွင်းပြီး သစ်အချောထည်များ ထုတ်လုပ်ကာ ပြည်ပသို့ အများအပြားတင်ပို့နိုင်ကြောင်း၊ သစ်အချောထည်စက်ရုံများ တည်ထောင်နိုင်ခြင်းကြောင့် အလုပ်သမား ထောင်နှင့်ချီ၍ အလုပ်ရရှိကြောင်း ပြောပြပြီး အကြံပေးခဲ့ဖူးပါသည်။ ပြီးခဲ့သည့်လက ထိုသစ်လုပ်ငန်းရှင်နှင့် အခမ်းအနားတစ်ခုတွင် တွေ့ဆုံရာ ၎င်းအနေဖြင့် ဆွစ်ဇာလန်နိုင်ငံမှ Ash သစ်လုံး၊ ခရိုအေးရှားနိုင်ငံမှ Oak သစ်ခွဲသားနှင့် ကွန်ဂိုနိုင်ငံမှ မဟော်ဂနီ သစ်ခွဲသားများကို မှာယူတင်သွင်းပြီး တံခါး၊ ကြမ်းခင်းနှင့် ပရိဘောဂများ စမ်းသပ်ထုတ်လုပ်နေကြောင်း ပြောပြပါသည်။ (စာရေးသူ၏ မိတ်ဆွေနည်းတူ ပြည်ပမှသစ်တင်သွင်းသည့် အခြားသစ်လုပ်ငန်းရှင်များလည်း ရှိနိုင်ပါသည်။)

သစ်လုပ်ငန်းရှင်များအနေဖြင့် ပြည်ပမှ သစ်လုံးနှင့် သစ်ခွဲသားများ မှာယူတင်သွင်းပြီး သစ်ခွဲသားများ ရောင်းချခြင်း၊ ပရိဘောဂနှင့် အခြားသစ်အချောထည် ပစ္စည်းများ ထုတ်လုပ်ခြင်းတို့ကို စမ်းသပ်ဆောင်ရွက်သင့်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း သစ်မှာယူတင်သွင်းမှုနှင့် သက်ဆိုင်သည့် စည်းမျဉ်းများ၊ လုပ်နည်းကိုင်နည်းများ ချမှတ်ပေးပြီး သက်သာသော အခွန်နှုန်းထားများ (ဖြစ်နိုင်ပါက အစဦးနှစ်များတွင် အခွန်ကင်းလွတ်ခွင့်) ဖြင့် သစ်လုံးနှင့် သစ်ခွဲသားတင်သွင်းမည့်သူများကို အားပေးအားမြှောက်ပြုပေးသင့်ပါသည်။ သစ်ခွဲသားများကို တရားဝင်ပေါပေါ များများ ရောင်းချပေးနိုင်ပါက တရားမဝင် သစ်ခိုး ထုတ်မှုများ လျော့နည်းလာမည်ဖြစ်ခြင်းကြောင့် သစ်တောများ ပြုန်းတီးမှုကို ကာကွယ်ပေးနိုင်မည့် နည်းလမ်းများအနက် ယခုဖော်ပြပါနည်းလမ်းသည် နည်းလမ်းတစ်သွယ်ဖြစ်နိုင်မည်ဟု စာရေးသူအနေဖြင့် ယုံကြည်ပါသည်။

## ဒေသခံများ အဓိကအားထားသွားလာအသုံးပြုသည့် မိတ္ထီလာကန်ကူးတံတားသစ်ဖွင့်

**မိတ္ထီလာ မတ် ၂၁**

မိတ္ထီလာ ဒေသခံပြည်သူများ အဓိကအားထားသွားလာ အသုံးပြုသည့် မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမပေါ်ရှိ မိတ္ထီလာကန်ကူး တံတားသစ်လေးလမ်းသွားဖွင့်ပွဲကို မတ် ၂၁ ရက်က ယင်းတံတား အနောက်ဘက်ထိပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

မိတ္ထီလာကန်ကူးတံတားသစ် လေးလမ်းသွားအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုး၊ တံတားဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဟန်စိုး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်လင်းနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကန်ကူး တံတားသစ် ကမ္ပည်းကျောက်စာအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်တို့က စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

မိတ္ထီလာကန်ကူးတံတားသစ်မှာ အရှည် ပေ ၈၀၀၊ အကျယ် ၄၈ ပေ၊ လူသွားလမ်း တစ်ဖက်ခြောက်ပေဖြစ်ပြီး အမျိုးအစားမှာ အုတ်မြစ် Mini Bored Pile၊ ကိုယ်ထည် သံကူကွန်ကရစ်တိုင်၊ အပေါ်ထည် RC Girder နှင့် PC Girder များဖြင့် စုစုပေါင်းငွေကျပ် သန်းပေါင်း ၂၇၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကန်ကူးတံတား သစ် တည်ဆောက်ပြီးစီး၍ ဒေသခံပြည်သူများသာမက မန္တလေး၊ တောင်ကြီး၊ မြင်းခြံ၊ ရန်ကုန်၊ ကျောက်ပန်းတောင်းမြို့ကြီးများ ဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်များ လမ်းခရီး အဆင်ပြေချောမွေ့စွာ ဖြတ်သန်းသွားလာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## မီးဘေးလုံခြုံရေး မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြလေ့ကျင့်

**ရမည်းသင်း မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်မီးဘေးကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု လက်တွေ့ပြသခြင်းကို ရမည်းသင်းအကျဉ်းထောင်ဝင်းအတွင်း မတ်လတတိယပတ်က ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြသပွဲကို ရမည်းသင်းအကျဉ်းထောင်ပိုင် ဦးစီးအရာရှိ ဦးအေးလွင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်ခိုင်တို့ပူးပေါင်း၍တပ်ဖွဲ့ဝင် ၆၀၊ ဝန်ထမ်းမိသားစုဝင် ၃၀ တို့ကို မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြသခဲ့ပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ယာဉ် အပေါ့စားမီးသတ်စက်တို့ဖြင့် မီးငြိမ်းသတ်ခြင်းများကို အကျဉ်းဦးစီးဌာနမှ တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ လက်တွေ့မီးငြိမ်းသတ်ခြင်းများအား သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**

**တာချီလိတ်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းပပျောက်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး တစ်လျှောက် လမ်းဧရိယာတိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား မတ် ၂၁ ရက်က တွေ့ရစဉ်။**

(၁၁၄)



## သံဖြူဇရပ်မြို့နယ် အရပ်ဘက်လူမှုအဖွဲ့အစည်းများ နီးနှောဖလှယ်ပွဲကျင်းပ

**သံဖြူဇရပ် မတ် ၂၁**

မွန်ပြည်နယ် အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက်နှင့် သံဖြူဇရပ်မြို့နယ် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ကွန်ရက်တို့ဦးဆောင်၍ သံဖြူဇရပ်မြို့နယ်လုံးဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ တွေ့ဆုံနီးနှောဖလှယ်ပွဲကို မတ် ၂၀ ရက်က သံဖြူဇရပ်မြို့ မွန်ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ကျင်းပရေးကော်မတီ ညှိနှိုင်းရေးမှူး ဦးအောင်မြင့်စိန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စား လှယ် ဦးထွန်းဌေးက မိတ်ဆက်စကားပြောကြားသည်။ ထို့နောက် ပြည်နယ် အရပ်ဘက်လူမှုအဖွဲ့အစည်းကွန်ရက်ညှိနှိုင်းရေးမှူး ဦးမင်းနွယ်က ကျင်းပပြုလုပ်သည့်လုပ်ငန်းစဉ်များကို ဆွေးနွေးသည်။

ဆက်လက်ပြီး တက်ရောက်လာသည့် အဖွဲ့အစည်းကိုယ်စားလှယ်များက အစုအဖွဲ့ငါးဖွဲ့ခွဲကာ နိုင်ငံတော်တည်ဆောက်ရေးတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အရေးပါသည့် အခန်းကဏ္ဍအကြောင်းကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

## အခွန်အကြောင်း အသိပညာပေး

**တမူး မတ် ၂၁**

တမူးမြို့နယ် အခွန်ဦးစီးဌာနရုံးမှ တမူးမြို့ ဧပရယ်မွန်ခန်းမ၌ အခွန်ပညာပေးရှင်းလင်းပွဲကို မတ် ၁၈ ရက်က ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဆန်းထူးက အခွန်သမိုင်းကြောင်းနှင့် အထူးကုန်စည်ခွန်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပြဋ္ဌာန်းချက်နှင့် ပတ်သက်၍ အခွန်ဆိုင်ရာနှုန်းထားများ၊ ကင်းလွတ်ခွင့်များ၊ သက်သာခွင့်များ၊ စားသောက်ဆိုင်အခွန်ထမ်းများအနေဖြင့်လည်း ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်များ အပြည့်အဝကပ်နှိပ်ရန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကျေးရွာအရောက် ရေသန့်ဘူးများ၊ သောက်သုံးရေများ လှူဒါန်း



**မုံရွာ**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများအားလုံးတွင် သန့်ရှင်းသော သောက်သုံးရေရရှိစေရန်နှင့် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် မတ် ၂၀ ရက်က မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ထန်းတောရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင် မိသားစုများ ပူးပေါင်း၍ မုံရွာမြို့နယ်အတွင်းရှိ ညောင်ပင်ရွာသစ် ကျေးရွာသို့ သောက်ရေသန့်ဘူးများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ရွာမှာထွက်တဲ့ ရေတွေက အခါးဓာတ်တွေပါနေတော့ သုံးရေအတွက် အဆင်ပြေပေမယ့် သောက်ရေအတွက် အဆင်မပြေလို့ ရွာပြင်က ချောင်းထဲကရေကို သောက်ဖို့အတွက် သွားပြီးခပ်ယူရတယ်။ ကျန်တဲ့အချိန်တွေမှာ သိပ်မသိသာပေမယ့် အခုလတ်တလော ရာသီဥတုက အလွန်ပူနေပြီဆိုတော့ ရွာပြင်ကို ထွက်ပြီး သောက်ရေခပ်ရတာ မလွယ်တော့ဘူး။ အခုလိုအချိန်မှာ ကျေးလက်နဲ့ ထန်းတောရပ်က မီးသတ်တပ်ဖွဲ့ဝင်တွေ ပူးပေါင်းပြီး သောက်ရေသန့်တွေ လာရောက်လှူဒါန်းကြတဲ့အတွက် ဝမ်းသာပါတယ်" ဟု ညောင်ပင်ရွာသစ်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါနေ့က ရေဂါလန် ၈၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီး၊ ရေသယ်ဆိုက်တွဲယာဉ် နှစ်စီး၊ လိုက်ထရပ်ကား နှစ်စီးဖြင့် သောက်ရေသန့်ဘူးကြီး ၂၅၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**ဖိုးချမ်း(မုံရွာ)**



**ဖေယျာသီရိ**

နေပြည်တော် ဖေယျာသီရိမြို့နယ် ကျေးရွာအချို့၌ သောက်သုံးရေရှားပါးလျက်ရှိရာ ဥတ္တရခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ ဖေယျာသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းနှင့် မီးသတ်ဦးစီးမှူး ဦးမျိုးသူရဝင်းတို့ ဦးစီး၍ ရေဆင်းကျေးရွာအုပ်စု ရွှေကျကျေးရွာ၌ ယနေ့နံနက် ၈ နာရီက မီးသတ်ရေသယ်ယာဉ်များဖြင့် ကျေးရွာအရောက် ရေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ယခုနှစ်တွင် မိုးရွာသွန်းမှု နည်းပါးသဖြင့် ရေဆင်းဆည်၌ ရေဝင်ရောက်မှုနည်းပါးခဲ့ရာ နေအပူရှိန်မြင့်တက်မှုကြောင့် သောက်သုံးရေရှားပါးသော ကျေးရွာများသို့ နေပြည်တော် ခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အလှူရှင်များ ပူးပေါင်း၍ ရေသယ်ယာဉ်များဖြင့် နေ့စဉ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **မောင်လွင်(တပ်ကုန်း)**

## မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် မတ် ၂၁**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

ထူးခြားသည့်နေ့အပူချိန်များမှာ မင်းဘူးမြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီ၊ တောင်တွင်းကြီးမြို့၊ သာယာဝတီမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **(မိုး/ဇလ)**

# တွန်းဇံမြို့နယ်၌ ကျေးလက်အိမ်ရာနှင့် လက်တူးရေတွင်းများဖွင့်လှစ်

**တွန်းဇံ မတ် ၂၁**

(၇၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချင်းပြည်နယ် တွန်းဇံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဒါရ်ခိုင်း ကုမ္ပဏီလီမိတက်က ဆောင်ရွက်သော ဒါရ်ခိုင်းကျေးရွာ အိမ်ရာ နှစ်လုံးနှင့် ကျေးရွာရေရရှိရေးအတွက် လက်တူးတွင်း ၁၀ တွင်း ဖွင့်ပွဲအခမ်းအနားကို မတ် ၁၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ခွင့်ပြုရန်ပုံငွေကျပ် ၆ ဒသမ ၀၀ သန်း တန်ဖိုးရှိ ကျေးလက်အိမ်ရာ နှစ်လုံးနှင့် ခွင့်ပြုရန်ပုံငွေကျပ် ၁၀ ဒသမ ၀၀ သန်း တန်ဖိုးရှိ လက်တူးရေတွင်း ၁၀ တွင်းတို့ကို ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးကျင့်လျန်းပေါင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်ငြိမ်းနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလျန်ကျင့်ခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ကျေးလက်အိမ်ရာဆောက်လုပ်ပေးခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် အိမ်မဲ့ယာမဲ့ဖြစ်သူများအတွက် လည်းကောင်း၊ လက်တူးတွင်း တူးဖော်ပေးခြင်းကြောင့် သောက်သုံးရေရရှိနိုင်ရေးအတွက်လည်းကောင်း ဒါရ်ခိုင်းကျေးရွာနေပြည်သူများအတွက် များစွာအကျိုးသက်ရောက်မှုရှိကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**



# လယ်ယာမြေများအား အခြားမြေအဖြစ်ပြောင်းလဲမှုများလာ ရေရှည်တွင် တောင်သူများ အခက်အခဲကြုံတွေ့ရနိုင်

**ရေတာရှည် မတ် ၂၁**

ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက်တွင် လယ်ယာမြေများအား စီးပွားရေးလုပ်ငန်းရှင်များက ဝယ်ယူမှုမြင့်တက်လျက်ရှိရာ လယ်ယာမြေများ သိသာစွာ လျော့နည်းလာသည်ကို မြင်တွေ့နေရသည်။

ဈေးကွက်စီးပွားရေးအရ အချက်အချာကျသည့် မြေနေရာများ ရှားပါးလာခြင်းနှင့်အတူ ကားလမ်းတစ်လျှောက်ရှိ လယ်ယာမြေများအား အဆမတန်ဈေးနှုန်းဖြင့် ပြန်လည်ဝယ်ယူကြကာ စက်သုံးဆီအရောင်းဆိုင်များ၊ လူနေအိမ်များအဖြစ် ပြန်လည်အသုံးပြုလာကြခြင်း ဖြစ်သည်။

"ငွေကြေးချမ်းသာတဲ့သူတွေက အဆမတန်ဈေးနဲ့ ဝယ်တဲ့အခါကျတော့ တောင်သူတွေအနေနဲ့ ဘယ်လိုမှ ငြင်းလို့မရနိုင်အောင်ဖြစ်ကာ ရေရှည်ကာလကို ကြည့်မယ်ဆိုရင် လယ်ယာမြေတွေ အများကြီးလျော့သွားတဲ့အတွက် စိုက်ပျိုးသီးနှံကဏ္ဍမှာ အများကြီးလျော့ကျသွားနိုင်တယ်။ တောင်သူတွေလည်း လယ်ယာမဲ့ဘဝကို ရောက်သွားနိုင်ပါတယ်။ အစိုးရက မြေငှားဂရမ်ထုတ်ပေးတဲ့အခါမှာ စိုက်ပျိုးလုပ်ကိုင်မှုကို သေချာကွင်းဆင်းပြီးမှ ဆောင်ရွက်ပေးသင့်တယ်"ဟု ကျွမ်းကျင်သူအချို့က သုံးသပ်ပြောကြားသည်။

တောင်သူများအနေဖြင့် ဆန်၊ စပါး၊ ပဲ အမျိုးမျိုးနှင့် ဆီထွက်သီးနှံများ ဈေးကောင်းရရှိသည့်အတွက် လူနေမှုဘဝများ ပြောင်းလဲတိုးတက်လာကြသော်လည်း လက်ရှိ လုပ်ငန်းခွင်တွင် အလုပ်သမားရှားပါးမှုနှင့် စရိတ်စကအကုန်အကျ များပြားခြင်းတို့ကြောင့် အခြားသောစီးပွားရေးနယ်ပယ်၌ ပြောင်းလဲလုပ်ကိုင်လာကြခြင်းဖြင့် မြေယာများကို ပြန်လည်ရောင်းချကြခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



## မတ် ၂၁ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် မတ် ၂၁ ရက် (တနင်္လာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | ရွှေဘို | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၄၉၀၀၀ မှ ၅၁၅၀၀ |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၉၀၀၀ မှ ၄၂၅၀၀ |
| ၃။ | ဇီရာ/ညှော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၃၀၀၀ |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၈၀၀ မှ ၂၁၀၀၀ |
| ၅။ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၄၀၀၀ မှ ၂၅၅၀၀ |
| ၆။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၅၀၀ မှ ၂၄၀၀၀ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၅၉၀၀၀ |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၅၃၀ မှ ၁၈၀၀ |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ တောင်တွင်း၊ မိတ္ထီလာ၊ မင်းဘူး၊ အောင်လံ၊ မြစ်သား | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၅၀ မှ ၆၀၀ |
| ၁၀။ | ကြက်သွန်ဖြူ | ကြို့ကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၄၀၀ မှ ၄၄၅၀ |
| ၁၁။ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၇၀၀ မှ ၂၁၀၀ |
| ၁၂။ | ငရုတ်(မိုးထောင်) | ညောင်ရမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၉၀၀ မှ ၃၀၀၀ |
| ၁၃။ | အာလူး | တပ်ကုန်း၊ ဆင်ဖြူကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀ မှ ၇၂၀ |
| ၁၄။ | ပိန္နဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၅၀၀ မှ ၁၀၀၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။

● ကျောဖုံးမှ

ရဲကိုဦး၊ လှိုင်းဘိုဘို၊ မျိုးကိုထွန်း၊ **ရှေ့တန်း**–အောင်သူ၊ ကျော်ကိုကို၊ သန်းပိုင်၊ ဝင်းနိုင်စိုးနှင့် ဆောင်လမန်တို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၂၁ ရက် ညနေပိုင်းမှစတင်ကာ စင်ကာပူနိုင်ငံ၌ လေ့ကျင့်မှုများ စတင်ပြုလုပ်လျက်ရှိသည်။ မြန်မာအသင်းသည် မတ် ၂၆ ရက်အထိ စင်ကာပူနိုင်ငံ၌ လေ့ကျင့်မည်ဖြစ်ပြီး မတ် ၂၄ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၁၅ မိနစ်တွင် ဂျလန်းဘီဆာကွင်း၌ စင်ကာပူလက်ရွေးစင်အသင်းနှင့် ခြေစမ်းမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် လက်ဘနွန်အသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ အဝေးကွင်းပွဲစဉ် ယှဉ်ပြိုင်ရန်အတွက် မတ် ၂၇ ရက်တွင် လက်ဘနွန်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။

# ဟန်ဂေါက်မာစတာလူငယ်ချန်ပီယံရှစ် ဂေါက်ရိုက်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် မတ် ၂၁**

HAN Golf Masters Pte., Ltd နှင့် Junior Golf Myanmar တို့ပူးပေါင်း၍ HAN Golf Masters Pte., Ltd က အဓိကကူညီထောက်ပံ့သော HAN Golf Masters Junior Golf Championship 2016 ဂေါက်ရိုက်ပြိုင်ပွဲကို မတ် ၂၆ ရက်မှ ၂၇ ရက်အထိ Pun Hlaing Links(သန်လျင်) ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသက် ၈ နှစ်မှ ၁၂ နှစ်၊ အသက် ၁၃ နှစ်မှ ၁၅ နှစ်နှင့် အသက် ၁၆ နှစ်မှ ၁၈ နှစ်အထိ ပြိုင်ပွဲသုံးမျိုးပိုင်းခြား၍ ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းဥပဒေသအတိုင်း ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဂေါက်ရိုက်အားကစားသမားများသည် မတ် ၂၄ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ မြန်မာဂေါက်ရိုက်လေ့ကျင့်ရေးကွင်း မရမ်းကုန်းမြို့နယ် ဥက္ကလာလမ်းနှင့် လေဆိပ်လမ်းထောင့် ဖုန်း ၀၉-၂၀၃၇၆၇၁၊ ၀၉-၂၆၂၅၅၂၄၅၂ နှင့် ၀၉-၄၉၁၀၂၀၀၉ တို့ထံသို့ အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **ဖိုးသော်ဇင်**

# ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်း ကွင်းဆင်းဆောင်ရွက်ပေးမည်

**နေပြည်တော် မတ် ၂၁**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၆ ခုနှစ် ဧပြီလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | ဝိုင်းမော်၊ မိုးကောင်း |
| ၂။ | စစ်ကိုင်းတိုင်းဒေသကြီး | ကောလင်း၊ ဝင်းသို၊ ပင်လည်ဘူး |
| ၃။ | မကွေးတိုင်းဒေသကြီး | ပေါက်၊ မင်းတပ်၊ မတူပီ၊ အောင်လံ၊ စေတုတ္တရာ၊ တောင်တွင်းကြီး |
| ၄။ | မန္တလေးတိုင်းဒေသကြီး | မလှိုင် |
| ၅။ | ရန်ကုန်တိုင်းဒေသကြီး | တိုက်ကြီး |
| ၆။ | ဧရာဝတီတိုင်းဒေသကြီး | ပန်းတနော်၊ သာပေါင်း |

**(မြန်မာ့အလင်း)**

## မြန်မာ့ရုပ်မြင်သံကြား News Channel

**၂၂-၃-၂၀၁၆ (အင်္ဂါနေ့)**

**နံနက်ပိုင်း**
၆ း ၀၀ - တောင်တန်း သာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၉ း ၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၄ း ၁၅ - ဆိုကြမယ်၊ ပျော်ကြမယ်

**ညပိုင်း**
၁၅ း ၁၅ - လူမှုစီးပွားမြင်ကွင်းများ
၁၆ း ၁၅ - **ကုန်းဘောင်ခေတ်ဘုန်းကြီးကျောင်း (သို့) စလေရုပ်စုံကျောင်းပြတိုက်**
၁၆ း ၃၅ - Football Magazine (ဧရာဝတီ ယူနိုက်တက်အသင်း)
၁၇ း ၁၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ချမ်းချမ်း)
၁၇ း ၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း
၁၈ း ၃၅ - ပြည်သူတို့ရဲ့စကားသံများ
၁၉ း ၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မြစိမ်းရောင်သံစဉ်** (အပိုင်း-၂၇)
၂၀ း ၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မိုရ်မေမေ** (အပိုင်း-၁၇)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**



**ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရကျေးရွာအုပ်စုရှိ သမိုင်းဝင်သားတော်ရ တပေါင်းဘုရားပွဲတော်ကြီးတွင် မတ် ၂၁ ရက်က အစဉ်အလာမပျက် ရိုးရာလှေပြိုင်ပွဲ ကျင်းပစဉ်။** (အဆိုပါ တပေါင်းဘုရားပွဲတော်ကြီးတွင် ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲနှင့် ညပိုင်းတွင် ဇာတ်ပွဲများပါဝင်သည့်အတွက် အနီးဝန်းကျင်ဒေသများမှ လာရောက်သူများဖြင့် စည်ကားကြောင်း သိရသည်။) **ကိုလွင်(ဆွာ)**

# ရဝမ် စာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲ ပူတာအို၌ကျင်းပ

**ပူတာအို မတ် ၂၁**

ရဝမ်စာပေနှင့်ယဉ်ကျေးမှု ကော်မတီကကြီးမှူး၍ ဧပြီလတွင် ကျင်းပမည့် ဒဘူအဇီးခေါင်ပွဲတော်ကြီးကို ဂုဏ်ပြုသောအားဖြင့် ရဝမ်စာပေနှင့်ယဉ်ကျေးမှုဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ ရက် မွန်းလွဲ ၂ နာရီခွဲက ကချင်ပြည်နယ် ပူတာအိုမြို့ မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေ၊ ရဝမ်စာပေနှင့်ယဉ်ကျေးမှုကော်မတီ အတွင်းရေးမှူး ဦးဖုန်ရိမင်၊ ရဝမ်စာပေနှင့် ယဉ်ကျေးမှုကော်မတီ အား/ကာဆပ်ကော်မတီဥက္ကဋ္ဌ ဦးဖလားဆင်တို့က အမှာစကားပြောကြားကြပြီး ရဝမ်စာပေနှင့်ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဆာရ်ဝမ်ဖုန်နှင့် အား/ကာဆပ်ကော်မတီဥက္ကဋ္ဌတို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကွင်းဖွင့်ပွဲတွင် ပူတာအိုဘောလုံးအသင်းနှင့် မြစ်ကြီးနားဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြစ်ကြီးနားဘောလုံးအသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းပေါင်း ၁၂ သင်းကို အုပ်စုနှစ်စုခွဲကာ မတ် ၂၁ ရက်မှ ဧပြီ ၁၈ ရက်အထိ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဧပြီ ၁၈ ရက်တွင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ခရီးသည်များ စိတ်ချမ်းမြေ့စွာ နားခိုနိုင်ရေးအတွက် နဘားဘူတာ စည်းကမ်းထိန်းသိမ်းရေးကော်မတီဖွဲ့စည်း

**အင်းတော် မတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နဘားဘူတာ၌ မလိုလားအပ်သော အမှုအခင်း ခိုက်ရန်မပေါ်ပေါက်စေရန် နဘားဘူတာ စည်းကမ်းထိန်းသိမ်းရေးကော်မတီဖွဲ့စည်းရေး အစည်းအဝေးကို မတ် ၂၀ ရက် မွန်းလွဲ ၁ နာရီက နဘားဘူတာရုံးခန်း၌ ကျင်းပရာ ရုံပိုင်ကြီး ဦးတင်မောင်ဝင်းနှင့် တာဝန်ခံရုံပိုင်များ၊ နဘား(နယ်)ရဲစခန်းမှ ရဲအုပ်သူဇော်ဝင်း၊ နဘား(မီးရထား) ရဲစခန်းမှ ဒုရဲအုပ်ကျော်မိုး၊ နဘား စက်ရုံကြီးကြပ်ရေးမှူး တွဲပြင် ဦးအေးလွင်နှင့် နဘားဘူတာ၌ တင်ဒါလိုင်စင်ဖြင့် ဈေးရောင်းချနေသော ဆိုင်ခန်းပိုင်ရှင်များ တက်ရောက်ကြသည် ။

အစည်းအဝေးတွင် နဘားဘူတာ အနီး မှောင်ရိပ်ခိုကာ မဖွယ်မရာ အပြုအမူများနှင့် ဒုစရိုက်မှုများ မဖြစ်ပွားရေး၊ ဘူတာသန့်ရှင်းသပ်ရပ်မှုရှိရေး၊ ခရီးသည်များ စိတ်ချမ်းမြေ့စွာ နားခိုနိုင်စေရေးတို့ကို ရည်ရွယ်၍ ဘူတာပလက်ဖောင်းပေါ်၌ လိုင်စင်မဲ့ဈေးသည်များ ဈေးရောင်းချခွင့်ကို တားမြစ်ရန်၊ ညအိပ်ညနေ လာရောက်လေ့ရှိသော အလှူခံများနှင့် ကားစီးခရီးသည်ကြိုပွဲစားများ ဝင်ထွက်သွားလာခြင်းကို စောင့်ကြည့်စိစစ်ရန်၊ ဘူတာအနီး ရပ်ထားသော ခရီးသည်ကြိုသုံးဘီးယာဉ်များ စနစ်တကျရပ်နားထားရှိရန်နှင့် မလိုလားအပ်သော ပြဿနာ အမှုအခင်းခိုက်ရန် မပေါ်ပေါက်စေရန် စည်းကမ်းထိန်းသိမ်းရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး နဘားဘူတာ စည်းကမ်းထိန်းသိမ်းရေးကော်မတီကို ဥက္ကဋ္ဌ ရုံပိုင်ကြီး ဦးတင်မောင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ နဘား(နယ်)ရဲစခန်းမှ ရဲအုပ်သူဇော်ဝင်း၊ အတွင်းရေးမှူး နဘား(မီးရထား)ရဲစခန်းမှ ဒုရဲအုပ်ကျော်မိုး၊ တွဲဖက်အတွင်းရေးမှူး နဘားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းတို့ပါဝင်သော စည်းကမ်းထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းခဲ့ကြကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**




# လော်ကားရေပိုက်လိုင်း ချွတ်ယွင်း၍ ပြုပြင်လျက်ရှိ ရန်ကုန်မြို့နယ်အချို့ ရေသုံးရက်ခန့် ပြတ်တောက်မည်

**ရန်ကုန် မတ် ၂၁**

ရန်ကုန်မြို့အတွင်းသို့ လော်ကားရေကန်မှ ရေပေးဝေသည့် ကွန်ကရစ်ရေပိုက်လိုင်းသည် နဝဒေးလမ်းဆုံအနီး ဖွဲ့ဖုံဘုန်းကြီးကျောင်းဝင်းအတွင်း၌ မတ် ၂၁ ရက် နံနက် ၂ နာရီခန့်က ပေါက်ထွက်သွားသဖြင့် ပြန်လည်ပြုပြင်ရန်အတွက် လော်ကားရေတွန်းစက်ရုံရှိ ရေတွန်းစက်များ မောင်းနှင်မှုကို ရပ်ဆိုင်းခဲ့သည်။ ပိုက်လိုင်းချွတ်ယွင်းပျက်စီးမှုကို နေ့/ည အမြန်ဆုံး ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပြီး မတ် ၂၃ ရက် ညနေ ၆ နာရီတွင် ပြုပြင်ပြီးစီးမည်ဖြစ်၍ ရေပြန်လည်ပေးဝေနိုင်မည်ဖြစ်သည်။

ပိုက်လိုင်းပြုပြင်နေစဉ်ကာလအတွင်း မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ အင်းစိန်၊ လှိုင်သာယာ၊ မရမ်းကုန်း ၊ ရန်ကင်း၊ ဗဟန်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ သာကေတ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ပန်းဘဲတန်း၊ လှိုင်၊ ကမာရွတ်၊ မြို့နယ်များ၏ နေရာအချို့၌ ရေပြတ်တောက်မည်ဖြစ်သည်။ လော်ကားကန်မှ ရေပေးဝေခြင်းသာ ခေတ္တရပ်ဆိုင်းခြင်းဖြစ်ပြီး ဂျိုးဖြူ ဖူးကြီးနှင့် ငမိုးရိပ်ရေလှောင်ကန်များမှ ရေပေးဝေသည့်နေရာများသို့ ပုံမှန်အတိုင်း ရေပေးဝေလျက်ရှိပါသဖြင့် ပိုက်လိုင်းပြုပြင်နေစဉ်ကာလအတွင်း ရေချွေတာသုံးစွဲကြပါရန် အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## လွိုင်ဂျယ်-စိန်လုံလမ်း၌ ဆန်တင်ယာဉ် တိမ်းမှောက်

**ဖန်းမော် မတ် ၂၁**

ဖန်းမော်ခရိုင်အတွင်းရှိ လွယ်ဂျယ်-စိန်လုံကားလမ်း၌ မတ် ၁၆ ရက် မွန်းလွဲ ၂ နာရီခန့်က ဗန်းမော်မှ လွယ်ဂျယ်သို့လာသည့် ဆန်အိတ်များ တင်ဆောင်ထားသော ယာဉ်သည် မိုင်တိုင် ၃၈/၃၉ ကြား အရောက် စတီယာရင်တိုင် ခေါက်သဖြင့် တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ ယာဉ်တိမ်းမှောက်သော်လည်း ယာဉ်မောင်း စိုင်းဇော်သည် ထိခိုက်ဒဏ်ရာ ရရှိမှုမရှိခဲ့ကြောင်း သိရသည်။ **လဘန်အောင်(ကချင်မြေ)**

❒ *ကျော်ဖုံးမှ*

ပွဲစပြီး ၁၆ မိနစ်တွင် မာတာ ဖန်တီးပေး၍ လူငယ်တိုက်စစ်မှူး ရက်ချ်ဖို့က ၁၈ ကိုက်စည်းအတွင်း မှာပင် အနီးကပ်သွင်းယူကာ မန်ယူ၏ အသင်း တစ်လုံးတည်းသော အနိုင်ဂိုး ရရှိခဲ့သည်။ အိမ်ရှင် မန်စီးတီးသည် ဘောလုံးပိုင်ဆိုင်မှု အနည်းငယ် အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၈ ကြိမ်ရရှိခဲ့ရာ သုံးကြိမ်သာ ဂိုးပေါက်တည့်ခဲ့သည်။ ညီ့သည် မန်ယူအသင်းသည် လေးကြိမ် ကန်သွင်းခွင့်ရခဲ့ပြီး လေးကြိမ်စလုံး ဂိုးပေါက်တည့်ခဲ့သည်။ မန်ယူအသင်း သည် ရမှတ် ၅၀ ဖြင့် အဆင့်(၆)တွင် ရပ်တည်နေကာ အဆင့်(၅)မှ ဝက်စ် ဟမ်းနှင့် အမှတ်တူနေသည်။ မန်စီး တီးက ရမှတ် ၅၁ မှတ်ဖြင့် အဆင့် (၄)တွင် ရပ်တည်နေသည်။ ဇယား ထိပ်တွင် လက်စတာအသင်းသည် ရမှတ် ၆၆ မှတ်ဖြင့် ဦးဆောင်နေပြီး စပါးက ၆၁ မှတ်၊ အာဆင်နယ်က ၅၅ မှတ်ဖြင့် ရပ်တည်နေကြသည်။

ဥရောပ ပြည်တွင်းလိဂ်ပြိုင်ပွဲ များကို ဧပြီလတွင် ပြန်လည်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဧပြီ ၂ ရက်တွင် မန်စီးတီးသည် အဝေးကွင်း၌ ဘုန်းမောက်ကို ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဧပြီ ၃ ရက်တွင် မန်ယူကအိမ်ကွင်း၌ အဲဗာတန်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**စပိန်လာလီဂါ**

စပိန်လာလီဂါပွဲစဉ် (၃၀) အဖြစ် ရီးရဲမက်ဒရစ်နှင့် ဆီဗီလာတို့ မတ် ၂၁ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ ရီးရဲတို့က လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ရီးရဲအတွက် အဖွင့်ဂိုးကို ၆ မိနစ်တွင် ဘင်ဇီမာက သွင်းယူပေးပြီး ၅၈ မိနစ်တွင် ရရှိသော ပယ်နယ်တီကို စီရော်နယ်ဒို ကန်သွင်းသော်လည်း မဝင်ခဲ့ပေ။ ၆၄ မိနစ်တွင် စီရော်နယ်ဒိုက ဒုတိယဂိုးသွင်းယူပေးသည်။ ယင်းဂိုးသွင်းပြီး မကြာမီ ၆၆ မိနစ်တွင် ဂါရက်ဘေးလ်နှင့် ၈၆ မိနစ်တွင် ရိုဒရီဂွက်ဇ်တို့က သွင်းယူပေးသည်။ အဆိုပါပွဲတွင် ရီးရဲတိုက်စစ်မှူးများအားလုံး ဂိုးအပြိုင်သွင်းပြီး အနိုင်ယူခဲ့သည်။

ဗီလာရီးရဲနှင့် ဘာစီလိုနာတို့ပွဲတွင် ထိပ်ဆုံးမှ ဘာစီလိုနာတို့ ဗီလာရီးရဲကို မနိုင်ဘဲ နှစ်ဂိုးစီ သရေကျသဖြင့် တစ်မှတ်စီခွဲယူခဲ့သည်။

**သီဟ-ရေးသည်**



**ရီးရဲတိုက်စစ်မှူးများဖြစ်သည့် စီရော်နယ်ဒို၊ ဘင်ဇီမာနှင့် ဂါရက်ဘေးလ်တို့ကို တွေ့ရစဉ်။**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ မတ်လ(၁၈)ရက်နေ့ သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၄-၂၀၁၅ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သူလုပ်ငန်းရှင်(၁၀၀၀)ဦးအနက် **"ကမ္ဘောဘောဏ်လီမိတက်"** သည် **"ပထမနေရာ"** မှ ဝင်ငွေခွန်အများဆုံး(၄)နှစ်ဆက် ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏ နာယက၊ ကမ္ဘောဘောဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း** အား အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံးသယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်အဖွဲ့
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

# နယ်စပ်ဂိတ်ဆောက်လုပ်ရာ၌ ပါဝင်သွားသော မြေပိုင်ရှင်များအား နစ်နာကြေးပေးအပ်

**တာချီလိတ် မတ် ၂၁**

မြန်မာ-လာအို နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုဖြင့် တည်ဆောက်ခဲ့သည့် မဲခေါင်မြစ်ကူးတံတား ချဉ်းကပ်လမ်းကြောင်းပေါ်ရှိ (BCF) နယ်စပ်ဂိတ် အဆောက်အအုံ ဆောက်လုပ်ရာ၌ ပါဝင်သွားသော လယ်မြေပိုင်ရှင်များအား နစ်နာကြေးငွေကျပ် ၃၈၁ သိန်းကျော်အား ပေးအပ်ပွဲကို မတ်လတတိယပတ်က တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က အမှာစကားပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဆောက်လုပ်ရေးအထူးအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးမော်က နှစ်နိုင်ငံ ချစ်ကြည်ရေးတံတား ချဉ်းကပ်လမ်းကြောင်းပေါ်ရှိ (BCF) နယ်စပ်ဂိတ်အဆောက်အအုံ ဆောက်လုပ်ရာတွင် ပါဝင်သွားသောလယ်ပိုင်ရှင်များအား နစ်နာကြေးငွေပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးနှင့် တာချီလိတ် ခရိုင်လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးတို့က လယ်ယာမြေဧက တစ်ဧကလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့်လယ်မြေဧက ၃ ဒသမ ၈၁၂ ဧက အတွက် ငွေကျပ်သိန်း ၃၈၁၂၀၀၀၀ အား လယ်ပိုင်ရှင်ကိုးဦးတို့ထံ ပေးအပ်ခဲ့ပြီး **(ဓာတ်ပုံ)** လယ်ပိုင်ရှင်တစ်ဦးဖြစ်သူ ဦးသိန်းထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ညောင်လေးပင်မြို့မဈေးအတွင်းရှိ ဆေးဆိုင်များနှင့်ကုန်စုံဆိုင်များအား ရှောင်တခင်စစ်ဆေး

**ညောင်လေးပင် မတ် ၂၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ စားသုံးသူပြည်သူများ အန္တရာယ်ကင်းရှင်းသောဆေးများနှင့် အစားအစာများ စားသုံးနိုင်ရန်အတွက် မတ်လတတိယပတ်က မြို့မဈေးအတွင်းရှိ ဆေးဆိုင်များနှင့် ကုန်စုံဆိုင်များ တာဝန်ရှိသူများက ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် စားသုံးသူပြည်သူများကို ထိခိုက်စေနိုင်သော စပ်ဆေးများရောင်းချမှုများ မရှိစေရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းလွင်၊ မြို့နယ် တိ/မွေးကုဦးစီးမှူး ဒေါက်တာဆန်းဝေဖြိုး၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ ပူးပေါင်း၍ စစ်ဆေးခဲ့ကြပြီး Myanmar Registered ဆေးဝါးများသာရောင်းချစေရေး၊ အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ရေးဌာနမှ တားမြစ်ထားသော စားသောက်ကုန်များနှင့် ဆေးဝါးအတုများရောင်းချမှုများမရှိစေရေးတို့ကို အသိပညာပေးခြင်း၊ သတိပေးခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။

**နေလင်း(ညောင်လေးပင်)**

# သီပေါမြို့တွင် မီးဘေးကြိုတင်ကာကွယ်

**သီပေါ မတ် ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မီးသတ်ဦးစီးဌာနသည် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အယ်နီညိုကြောင့်ဖြစ်ပေါ်နိုင်သည့် သဘာဝဘေးကာကွယ်ရေးအစီအစဉ်များနှင့် ကျေးရွာများတွင် သောက်သုံးရေလုံလောက်စွာရရှိရေး ဆောင်ရွက်နေမှုများ၊ အပူဒဏ်ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ မီးဘေးကာကွယ်ရေး သတိပြုရန်အချက်များအပြင် အိမ်တိုင်းအိမ်တိုင်း မီးချိတ်၊ မီးကပ်သဲပုံး၊ ရေပုံးများနှင့် လှေကားများ ထားရှိရေးတို့ကို အသံချဲ့စက်ဖြင့် မြို့ပေါ် ၁၁ ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းနှင့်အဖွဲ့က မတ် ၁၉ ရက်က ကွင်းဆင်းလှည့်လည်နှိုးဆော်လျက်ရှိသည်။

ထို့အပြင်ရပ်ကွက်/ကျေးရွာပြည်သူများ မီးအသုံးပြုချိန်၊ မီးငြိမ်းသတ်ချိန်များကိုပါသတိမှတ်ကာ မီးဘေးကြိုတင်ကာကွယ်ရေးအချက် (၁၀)ချက်ပညာပေးဟောပြောလျက်ရှိပြီး မြို့ပေါ်ရှိ မီးသတ်ရေလှောင်ကန်တို့ကိုလည်း ရေများဖြည့်တင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**



**စိုင်း(သီပေါ)**

# ကလေးငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးရေး ဆောင်ရွက်

**မန္တလေး မတ် ၂၁**

နွေရာသီကျောင်းပိတ်ရက်တွင် ကလေးငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ City Mark Supermarket မှ ပြုလုပ်သော Super kids Contest 2016 ကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် နန်းရှေ့ ၁၉ လမ်းရှိ အဆိုပါ Supermarket တွင် မတ် ၁၉ ရက်က ကျင်းပသည်။ **(အောက်ပုံ)**



အဆိုပါပွဲတွင် အသက်ရှစ်နှစ်မှ ၁၀ နှစ်ရှိ ကလေးငယ် ၅၀ ကျော် ပါဝင်ခဲ့ကြပြီး ဆေးရောင်ခြယ်ခြင်း၊ ဉာဏ်စမ်းကစားနည်းများဖြင့် ပျော်ရွှင်စွာယှဉ်ပြိုင်ခဲ့ကြပြီး ယှဉ်ပြိုင်သူများထဲမှရှစ်ဦးကို မတ် ၂၉ ရက်တွင် ကြေညာ၍ ဆုရကလေးငယ်များကို ဧပြီ ၁ ရက်နှင့် ၂ ရက်တို့တွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆုများအနေဖြင့် ပထမဆု ငွေကျပ် တစ်သိန်းခွဲတန် Gift Voucher၊ ဒုတိယဆုငွေကျပ် တစ်သိန်းတန် Gift Voucher၊ တတိယဆု ငွေကျပ် ခုနစ်သောင်းတန် Gift Voucher တို့အပြင် အထူးဆုငါးဆုကို ငွေကျပ်သုံးသောင်းတန် Gift Voucher များ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် လာရောက်ယှဉ်ပြိုင်ကြသော ကလေးငယ်များကိုလည်း မေတ္တာလက်ဆောင်များ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## သတင်းတိုများ

# ကွမ်းခြံကုန်းမြို့တွင် အခမဲ့ဆေးဝါးကွင်းဆင်းကုသ

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် မတ် ၁၉ ရက်က မြို့နယ်အတွင်းရှိ ကျန်းမာရေးချို့တဲ့သော ဝေဒနာရှင်လူနာများအား အခမဲ့ကွင်းဆင်းဆေးကုသမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးမှ သမားတော်ခွဲစိတ်အထူးကုဆရာဝန်ကြီး သားဖွားမီးယပ်၊ ကလေးအထူးကု၊ မျက်စိအထူးကု၊ နားနှာခေါင်းလည်ချောင်းအထူးကု၊ အမျိုးသား ပြန်လည်သန်စွမ်းရေး အထူးကုနှင့် တိုင်းရင်းဆေးသမားတော်များ စုစုပေါင်း ၄၀ ကျော် ပါဝင်သော အထူးကုအဖွဲ့တို့သည် မြို့နယ်အတွင်းရှိ ဝေဒနာရှင်လူနာများအား အခမဲ့ဆေးဝါးကုသဆောင်ရွက်ခြင်းများ ပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။

**စိန်တိုး(ကွမ်းခြံကုန်း)**

---

# မွန် သက်ကြီးပူဇော်ပွဲကျင်းပမည်

မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)က ကြီးမှူး၍ (၄၃) ကြိမ်မြောက် မွန်သက်ကြီးပူဇော်ပွဲကို မြန်မာနှစ်ဆန်းတစ်ရက် (ဧပြီ ၁၇ ရက်၊ တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားလမ်း မွန်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အသက် ၇၅ နှစ်နှင့်အထက် မွန်သက်ကြီးဘိုးဘွားများနှင့် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည့် မွန်ကျောင်းသားကျောင်းသူများသည် အထောက်အထားများဖြင့် မွန်ဓမ္မာရုံသို့ဖြစ်စေ၊ ဖုန်း ၀၉၅၁၆၀၉၉၄ နှင့် ၀၉၇၃၀၈၄၈၂၂ တို့သို့ ဧပြီ ၃ ရက် (တနင်္ဂနွေနေ့) တွင် နောက်ဆုံးထားပေးပို့ကြရမည်ဖြစ်ကြောင်း သိရသည်။ **ကိုချစ်**

---

# မိုးညိုမြို့နယ်တွင် ကတ္တရာလမ်းသစ်ဖွင့်

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် မိုးညို၊ ရေကင်း၊ တာပွန်၊ နတ်တလင်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၈ ရက်က ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက ကတ္တရာလမ်းသစ်ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ပြီး ဝန်ကြီးချုပ်က ပြည်သူများနှင့်တွေ့ဆုံကာ လက်ရှိဆောင်ရွက်ပေးထားသည့် လုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါကတ္တရာလမ်းသစ်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ရန်ပုံငွေဖြင့် လမ်းလုပ်ငန်းဦးစီးဌာနက ခင်းကျင်းထားကြောင်း သိရသည်။ **(၀၆၃)**

---

# မီးဘေးအန္တရာယ် အသိပညာပေးဟောပြော

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့မှူးရုံး နေပြည်တော်၌ မတ် ၁၈ ရက်က မီးဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်မှုအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးညွန့်သာက အမှာစကားပြောကြားပြီး ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးမှူး ဦးနိုင်ဇံက မီးဘေးအန္တရာယ် အသိပညာပေးဟောပြောဆွေးနွေးခြင်းနှင့် သိရှိလိုသည်များမေးမြန်းမှုကို ဖြေကြားပေးပြီး တပ်ဖွဲ့ဝင်မိသားစုများက မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြခြင်း၊ မီးသတ်ကားဖြင့် မီးငြိမ်းသတ်မှုလေ့ကျင့်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

---

# မူးယစ်ဆေးဝါးပညာပေးဟောပြော

မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးပညာပေးဟောပြောပွဲကို ကမာရွတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁၈ ရက်က ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်ထွန်းက အမှာစကားပြောကြားပြီး ရန်ကုန်အနောက်ပိုင်းခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ ဒုရဲမှူးမြင့်ဝင်းက ဘိန်းစိုက်ပျိုးထုတ်လုပ်သုံးစွဲမှုနှင့်ပတ်သက်၍ တားဆီးနှိမ်နင်းရေး လုပ်ငန်းများကိုလည်းကောင်း၊ မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပူးပေါင်းဆောင်ရွက်နေမှုများအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းကလည်းကောင်း၊ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်စည်းကမ်းလမ်းစည်းကမ်းချိုးဖောက်သည့် ယာဉ်များအား အရေးယူဆောင်ရွက်သွားမည့်အကြောင်းကို ယာဉ်ထိန်းတပ်ဖွဲ့စု(၃၉)မှ ဒုရဲမှူးအောင်ကြီးကလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

# ပုဂံအုတ်ခွက်ဘုရားများ

မောင်သာ
(ရှေးဟောင်းသုတေသန)

ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်သောနိုင်ငံများအနက် မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာဆိုင်ရာ စာပေနှင့် သမထ၊ ဝိပဿနာ ကျင့်စဉ်များ အထွန်းကားဆုံးနိုင်ငံဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် သံဃာတော်များ၊ သီလရှင်များ၊ စေတီပုထိုးများ၊ စာသင်တိုက်များ၊ တရားတိုက်များ၊ သာသနိက အဆောက်အအုံများကို မြင်တွေ့ကြရပေသည်။

ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးသည် သထုံကို တိုက်ခဲ့ပြီး ရှင်အရဟံနှင့် ပိဋကတ်သုံးပုံကို ပုဂံသို့ ပင့်ဆောင်ခဲ့သည့်အချိန်မှစ၍ ထေရဝါဒဗုဒ္ဓသာသနာသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သည်ဟု အစဉ်အဆက် လက်ခံထားခဲ့ကြသော်လည်း ပုဂံခေတ်ထက် များစွာစောသည့် ပျူခေတ်တွင် ဗုဒ္ဓဘာသာနှင့် ပတ်သက်ဆက်နွယ်နေသည့် အထောက်အထားများကို တွေ့ရှိကြရသည်။

ပျူမြို့ဟောင်းတစ်ခုဖြစ်သည့် သရေခေတ္တရာရှိ ဦးခင်ဘကုန်းမှ ရရှိခဲ့သည့် ရွှေပေလွှာများတွင် ဗုဒ္ဓစာပေကောက်နုတ်ချက်များကို တွေ့ရှိရသကဲ့သို့ ပျူခေတ် သာသနိကအဆောက်အအုံ၊ စေတီပုထိုးများ၊ ဆင်းတုတော်များကိုလည်း ပျူမြို့ဟောင်းများတွင် ယနေ့တိုင် တွေ့ရှိနိုင်ပေသည်။ ထို့အတူပင် ပျူအုတ်ခွက်ဘုရားများကို မြို့ဟောင်းတူးဖော်မှုများမှ ရရှိခဲ့ကြသည်။

အုတ်ခွက်ဘုရားဟုခေါ်သည့် ရွှံ့မီးဖုတ် ရှေးဟောင်းဗုဒ္ဓရုပ်ပွားများကို မြန်မာနိုင်ငံအနှံ့အပြားတွင် တွေ့ရလေ့ရှိကာ မြေပုံဘုရားဟုလည်း ခေါ်ကြသည်။ အုတ်ခွက်ဘုရားများကို သုတေသနတူးဆွမှုများ ပြုလုပ်စဉ်၊ ဘုရားစေတီဟောင်းများကို ပြုပြင်စဉ်၊ လိုဏ်များတူးဖော်စဉ် တွေ့ရှိရတတ်သည်။ တစ်ခါတစ်ရံ၌ အုတ်ခွက်ဘုရားများကို တစ်နေရာတည်းမှ အများအပြား ရရှိတတ်ရာ တကောင်းမြို့ဟောင်း ရွှေစည်းခုံဘုရားမှ အုတ်ခွက်ဘုရားအဟောင်းနှင့် အကျိုးများကို လှည်းငါးစီးတိုက် ရရှိခဲ့ဖူးသည်။

အုတ်ခွက်ဘုရားများ ထုလုပ်ခြင်းကို ပျူခေတ်တွင် စတင်တွေ့ရှိရပြီး ပုဂံခေတ်တွင် များစွာထုလုပ်ခဲ့ကြသည်။ ပုဂံအုတ်ခွက်ဘုရားများတွင် အနုရုဒ္ဓဒေဝ(အနော်ရထာမင်းကြီး) ကိုယ်တိုင်ပြုလုပ်ခဲ့ကြောင်း ကမ္ပည်းစာများပါသော အုတ်ခွက်များသည် အထူးထင်ရှားကာ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့်ရှေးဟောင်းသုတေသနတန်ဖိုး ကြီးမြင့်သည့် အမွေအနှစ်များ ဖြစ်လာခဲ့သည်။

မီးဖုတ်ထားသော ရွှံ့ပုံစံခွက်များဖြစ်သည့် အုတ်ခွက်ဘုရားများသည် အများအားဖြင့် ရှေ့မျက်နှာတွင် ဗုဒ္ဓရုပ်ပွားတော်ကို မဏ္ဍိုင်ပြုလျက် အခြံအရံများထုလုပ်ကာ ကျောဘက်တွင် အလှူရှင်အမည်နှင့် ဆုတောင်းစာကို ရေးသားထားလေ့ရှိသည်။ ယေဘုယျအားဖြင့် အလျားငါးလက်မ၊ အမြင့် ခုနစ်လက်မ၊ ထုနှစ်လက်မရှိကာ ဗုဒ္ဓရုပ်ပွားတော်၏ အောက်ခြေတွင် သက္ကတ၊ ပါဠိဘာသာများကို ရှေးဟောင်း ပျူ မွန်၊ မြန်မာအက္ခရာများဖြင့် ရေးသားထားသည်။ အုတ်ခွက်ဘုရားများ၏ ရှေ့မျက်နှာတွင် နာဂရီအက္ခရာများကို ဖောင်းကြွရေးသား၍လည်းကောင်း၊ အုတ်ခွက်ရှေ့ ဘေးနှစ်ဘက်ဘောင်ပေါ်တွင် ကမ္ပည်းစာများ ရေးထိုး၍လည်းကောင်း ပြုလုပ်ကြသည်။အုတ်ခွက်ဘုရားများကို စေတီပုထိုးများတွင် ပူဇော်ထားလေ့ရှိသည်။ အချို့ စေတီများတွင် အုတ်ချပ်များနှင့် အုတ်ခွက်ဘုရားများကို တစ်ခုစီယှဉ်တွဲလျက် အတန်းလိုက်ထားရှိတတ်သကဲ့သို့ အချို့ကိုလည်း လိုဏ်များတွင် ထည့်သွင်းထားသည်။ ဘုရားတွင် ဌာပနာထားသည်ကိုလည်း တွေ့ရှိနိုင်သည်။ တစ်ခါတစ်ရံတွင် ရာသီဥတုဒဏ်မခံရသဖြင့် မီးဖုတ်ပြီးစအနေအထားအတိုင်း တွေ့ရှိရသည်။

ပုဂံရှိ အပါယ်ရတနာဘုရားအနောက်ဘက် ဘုရားအမှတ်(၁၁၇၀)အတွင်းမှ မီးမဖုတ်ရသေးသော အုတ်ခွက်ငယ်များကို တွေ့ရှိခဲ့ရပြီး ယင်းအုတ်ခွက်ငယ်များတွင် စာတန်းများပါရှိကြောင်း ဆရာမင်းဘူးအောင်ကြိုင်က ရေးသားခဲ့သည်။ ထို့အတူပင် မီးမဖုတ်ရသေးသော အုတ်ခွက်များကို ဆူးလေကုန်းဘုရားစုရှိ ရွှေဘုံသာဘုရား အမှတ်(၃၁၆)အတွင်းနှင့် သီရိပစ္စယာ ဟိုတယ် ဝင်းအတွင်း၊ မြောက်ဘက်ပိုင်းဂူအတွင်းမှ လည်းကောင်း၊ ပျူစာပါသော ပျူအုတ်ခွက် ၅၆၀ ကျော်ကို အလိုတော်ပြည့်ဘုရား တံတိုင်းဝင်းအတွင်း အနောက်ပိုင်းအုတ်ကုန်းမှလည်းကောင်း တွေ့ရှိခဲ့ရကြောင်း ရှေးဟောင်းအုတ်ခွက်နှင့် ရုပ်ပွားဆင်းတုတော်များစာအုပ်တွင် ဆရာမင်းဘူးအောင်ကြိုင်က ရေးသားခဲ့သည်။



မြန်မာနိုင်ငံတွင် တွေ့ရှိရသည့် ရှေးဟောင်းရုပ်ဝတ္ထုပစ္စည်းများအနက် အုတ်ခွက်ရုပ်ပွားဆင်းတုများသည် ဗုဒ္ဓအနုပညာလက်ရာများဖြစ်ပြီး ပုဂံခေတ်အုတ်ခွက်ဘုရားများတွင် ဘုရားရှင်ဖွားတော်မူခန်း၊ ပွင့်တော်မူခန်း၊ ဓမ္မစကြာ တရားဦးဟောတော်မူခန်း၊ တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ဆင်းတော်မူခန်း၊ ပါလိလေယျကတော၌ သီတင်းသုံးတော်မူခန်း၊ တန်ခိုးပြာဋိဟာပြခန်း၊ နာဠာဂီရိဆင်ကို ချွတ်ခန်းနှင့် ပရိနိဗ္ဗာန်စံတော်မူခန်းဟူသည့် ဗုဒ္ဓဝင်ရှစ်ခန်းကို ထုလုပ်လေ့ရှိသည်။

ပျူအုတ်ခွက်များတွင် သုဇာတသတို့သမီး ယနာနို့ဆွမ်းကပ်သည့်ပုံကိုပါ ထည့်သွင်း၍ ဗုဒ္ဓဝင်ကိုးခန်း ပါဝင်သည်။ ဘုရားရှင်၏လက်တော်ဟန်(မုဒြာ)နှင့်ခြေတော်ဟန်(အာသန)တို့ကို ပုံစံများစွာ ပြုလုပ်လေ့ရှိသော်လည်း ဘူမိဖဿမုဒြာ ဟုခေါ်သည့် လက်ချောင်းမြေထိပုံစံနှင့် ဈာနာသနဟုခေါ်သည့် ဈာန်သမာပတ်ဝင်စားနေသည့်ပုံကို အများဆုံး ထုလုပ်ကြသည်။ ထို့အတူပင် ပျူနှင့် ပုဂံ အုတ်ခွက်များတွင် ကြာပလ္လင်ခံကာ ထုလုပ်ကြသည်။ အုတ်ခွက်ဘုရားများတွင် ဘုရားရှင် သို့မဟုတ် ဗောဓိသတ္တဘုရားလောင်းကို သာဝက၊ ကြင်ယာတော်၊ ပရိသတ်များ ခြံရံထုလုပ်လေ့ရှိကြောင်းလည်း တွေ့ရှိနိုင်သည်။ ပုဂံခေတ်အုတ်ခွက်ဘုရားများတွင် သာဝကများခြံရံနေသည့် အုတ်ခွက်ဘုရားနှင့် ဗောဓိသတ္တဘုရားလောင်း ခြံရံနေသည့် အုတ်ခွက်ဘုရားများကို အများဆုံး တွေ့ရှိကြရသည်။

အုတ်ခွက်ဘုရားများကို အိန္ဒိယနှင့် မြန်မာနိုင်ငံအတွင်း သွားလာကြသူများသည် မိမိတို့ဒေသသို့ ယူဆောင်လာခဲ့ကြပြီး ကိုယ်တိုင်ပြုလုပ်ကြခြင်းဖြင့် တစ်စတစ်စ ပျံ့နှံ့လာခဲ့သည်။ စေတီပုထိုးများသို့ လှူဒါန်းရန် ကိုယ်တိုင်ပြုလုပ်နိုင်သောကြောင့် အုတ်ခွက်ဘုရားများကို ခေတ်အဆက်ဆက် နေရာအနှံ့၌ တွေ့ရှိရခြင်းဖြစ်ကြောင်း သင်ယူခဲ့ရဖူးပါသည်။ ထို့ကြောင့်လည်း



အုတ်ခွက်ဘုရားများကို မြန်မာပြည်မြောက်ဖျား ဧရာဝတီမြစ်နှင့် ရွှေလီမြစ်ဆုံဒေသမှ တောင်ပိုင်း မြိတ်ဒေသ၊ အနောက်ဘက် ရခိုင်ဒေသများအထိ တွေ့ရှိရပေသည်။

အုတ်ခွက်ဘုရားများတွင် အိန္ဒိယမှယူဆောင်လာသည့်ဘုရားများလည်း ရှိသည်။ မြန်မာနိုင်ငံတွင် အုတ်ခွက် ဘုရားများကို ငါးရာစုမှ ၁၅ ရာစုအထိ အရွယ်မျိုးစုံ၊ ပုံသဏ္ဌာန်မျိုးစုံ ပြုလုပ်ခဲ့ကြသည်။ ပျူခေတ်လက်ရာ အုတ်ခွက်ဘုရားများတွင် ညောင်ရွက်ပုံနှင့် ခုံးပေါက်ပုံစံကို အများဆုံး ပြုလုပ်ခဲ့ကြပြီး ပုဂံခေတ်တွင် အုတ်ခွက်ပုံစံ ၁၇ မျိုးအထိ ရှိခဲ့သည်။

အုတ်ခွက်ဘုရားများနှင့်စပ်လျဉ်း၍ ဘိုးတော်ဘုရားက ပထမမောင်းထောင်ဆရာတော်အား အုတ်ခွက်ဘုရားများအောက်ခြေတွင် ရေးသားထားသောစာများသည် မည်သည့်ဘာသာစကားနှင့် မည်သည့်အဓိပ္ပာယ်ရှိကြောင်း မေးလျှောက်ခဲ့သည်။ ယင်းတို့သည် ယွန်းဘာသာစကားများမဟုတ်ဘဲ သက္ကတနှင့် ပါဠိဘာသာများဖြစ်ပြီး အများအားဖြင့် နာဂရီဘာသာဖြင့် ယေဓမ္မာဟေတုပ္ပဘဝါဟု ရေးသားလေ့ရှိသည်။

အုတ်ခွက်ဘုရားများ ပြုလုပ်ရာတွင် အရေးအကြီးဆုံးပစ္စည်းသည် ပုံစံခွက်ဖြစ်ပြီး ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် အုတ်ခွက်ဘုရားပုံစံခွက် သုံးခုကို ပြသထားသည်။ ပုံစံခွက်များကို ကြေးဖြင့်ပြုလုပ်ထားကာ ပထမဆုံးပုံစံခွက်ကို ပုဂံ ဝက်ကြီးအင်းရွာ တောင်ဘုရားကြီး(ဘုရားအမှတ် ၄၄၆)၏ မြောက်ဘက်ယာခင်းတွင် ယာပိုင်ရှင်ဦးလှအောင် ယာထွန်စဉ် ၁၉၆၈ ခုနှစ်က တွေ့ရှိခဲ့သည်။ အလယ်တွင် သရဖူဆောင်းထားသော ဗုဒ္ဓဆင်းတုပါရှိပြီး ဗုဒ္ဓဝင်ရှစ်ခန်းကို ဗုဒ္ဓဆင်းတုတော်ဘေးတွင် ပြုလုပ်ထားသည်။ အေဒီ ၁၁ ရာစု လက်ရာဖြစ်ပြီး အလျား ၇ ဒသမ ၃စင်တီမီတာ၊ အမြင့် ၁၀ ဒသမ ၇ စင်တီမီတာရှိပြီး စင်တီမီတာဝက် ထူသည်။ ဗုဒ္ဓဝင်ရှစ်ခန်းပါဝင်သည့် ပုဂံခေတ်လက်ရာ အုတ်ခွက်များ အများအပြားရှိသော်လည်း သရဖူဆောင်းထားသည့်ဗုဒ္ဓ (Crowned Buddha)ပါရှိသည့် အုတ်ခွက်သည် အလွန်ရှားပါးသော လက်ရာဖြစ်သည်။

ဒုတိယ ကြေးပုံစံခွက်ကို မြင်းကပါရွာတောင်ဘက် ဥတ္တဘုရားတိုက်မ မြောက်ဘက်လိုဏ်အတွင်းမှ ၁၉၆၈ ခုနှစ်တွင် ရရှိခဲ့သည်။ ဘုရားရုပ်ပွားတော်၏ ဝဲယာနှစ်ဘက်တွင် ရဟန္တာပုံ ပါရှိသည်။ အေဒီ ၁၃ ရာစုလက်ရာဟု သတ်မှတ်ထားပြီး အလျား ၄ ဒသမ ၂ စင်တီမီတာ၊ အမြင့် ၅ ဒသမ ၃ စင်တီမီတာနှင့် အထူ ၀ ဒသမ ၃ စင်တီမီတာ ရှိသည်။ ညောင်ရွက်ပုံ သဏ္ဌာန် ရှိသည်။



တတိယအုတ်ခွက် ပုံစံခွက်သည်လည်း အေဒီ ၁၃ ရာစု လက်ရာပင်ဖြစ်ပြီး ၁၉၉၅ ခုနှစ်တွင် အလှူရှင် ဦးစိန်ဝင်းနှင့် ဒေါ်လှိုင်တို့က ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လှူဒါန်းခဲ့သော ရှေးဟောင်းပစ္စည်းဖြစ်သည်။ အလျား ၅ ဒသမ ၃၂ စင်တီမီတာ၊ အမြင့် ၇ ဒသမ ၄ စင်တီမီတာ၊ အထူ စင်တီမီတာတစ်ဝက် ရှိသည်။ ဘဲဥပုံသဏ္ဌာန်ဖြစ်ပြီး ထိပ်တွင် ထီးနှင့် ဘေးနှစ်ဖက်တွင် ပန်းခက်များ ထည့်သွင်းပြုလုပ်ထားသည်။ ကြေးပုံစံခွက်များအပြင် မြေမီးဖုတ်ပုံစံခွက် (Clay Mould)များလည်းရှိရာ ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ပြသထားသည်။

ပုဂံခေတ် အုတ်ခွက်ဘုရားများတွင် ဆုတောင်းစာများကို အမျိုးမျိုးတွေ့ရှိနိုင်သည်။ အချို့က သံသရာမှ လွတ်မြောက်ပါရခြင်းအကျိုးငှာ နိဗ္ဗာန်ကို ဆုတောင်းကြသည်။ အချို့က နိဗ္ဗာန်မရမီ ဖြစ်လေရာဘဝတိုင်းတွင် လူမင်း၊ နတ်မင်းစသည်ဖြင့် အကြီးအကဲဖြစ်ရပါလို၏ဟု ဆုတောင်းကြသည်။ အချို့က မေတ္တယျဘုရားသခင်နှင့်အတူ ဖြစ်ပါစေသတည်းဟုလည်းကောင်း၊ အချို့က ထိုလိုင်မင်း ဘုရားဖြစ်သည့်အခါ သာဝကဖြစ်ရပါလို၏ဟု လည်းကောင်း၊ အချို့က ဘုရားဖြစ်ရပါလို၏ဟုလည်းကောင်း ဆုတောင်းကြသည်။ အနော်ရထာနှင့် စောလူးမင်းတို့သည် နိဗ္ဗာန်ဆုပန်ခဲ့ကြပြီး ကျန်စစ်သားနှင့် အလောင်းစည်သူတို့က ဘုရားဆုပန်ခဲ့ကြသည်။

အုတ်ခွက်ဘုရား အလှူရှင်အမည်များကို အုတ်ခွက်မျက်နှာစာရှိ ရုပ်ပွားတော် ပလ္လင်အောက်ခြေတွင် ရေးထိုးမှုများရှိသကဲ့သို့ အုတ်ခွက်၏ကျောဘက်တွင်လည်း ရေးသားလေ့ရှိကြသည်။ အလှူရှင်များတွင် ဘုရင်၊ မိဖုရား၊ မှူးမတ်နှင့် ရဟန်းသံဃာများ ပါဝင်သကဲ့သို့ သာမန်ပြည်သူများ၏ ကောင်းမှုများကိုလည်း တွေ့ရှိနိုင်ပေသည်။

အုတ်ခွက်ဘုရား အလှူရှင်အမည်များမှ ပုဂံမင်းများ၏ ဘွဲ့အမည်များ၊ သားတော်သမီးတော်များ၏ ဘွဲ့များကို သိရှိကြရပေသည်။ မဟာရာဇ သီရိအနုရုဒ္ဓဒေဝသည် အနော်ရထာမင်းကြီး၊ မဟာရာဇ သီရိဗဇြာဘရဏဒေဝသည် စောလူးမင်း၊ ဇြိတြိဘုဝနာ ဒိတျဓမ္မရာဇာသည် ကျန်စစ်သားမင်း၊ ဇြိတြိဘုဝနာဒိတျဝရ ဓမ္မရာဇာသည် အလောင်းစည်သူမင်း၊ ဇြိတြိဘုဝနာ ဒိတျပဝရ ဓမ္မရာဇာသည် နရပတိစည်သူမင်း၊ တြိလောက သိဃ်ဝိဇယသည် ကျန်စစ်သားမင်းကြီး၏ သားမက်နှင့် တြိလောကစူဠာမဏိဒေဝီသည် ကျန်စစ်သား၏သမီးတော် ရွှေအိမ်စည်ဖြစ်ကြောင်း သိရှိရပေသည်။

ထူးခြားမှုအနေဖြင့် အာနန္ဒာဘုရားအနီး အရှေ့ဘက်ကွင်းပြင်မှ ရရှိခဲ့သောအုတ်ခွက်သည် ဘာသာရေးနှင့် သက်ဆိုင်မှုမရှိဘဲ အသီးအနှံများ၊ ပန်းများ၊ အပင်များအမည် ၆၅ ခု ရေးသားထားသည်ကို တွေ့ရှိရသည်။

ယေဘုယျအားဖြင့် အုတ်ခွက်ဘုရားများသည် အလျားငါးလက်မ၊ အမြင့် ခုနစ်လက်မ၊ ထုနှစ်လက်မရှိသည်ဟု ဆိုနိုင်သော်လည်း သီရိပစ္စယာရွာတောင်ဘက်ရှိ ကျောက်စကားကြီးဘုရား အာရုံခံအတွင်းမှ အလျား ၁၅ ဒသမ ၇၅ လက်မ၊ အမြင့် ၁၀ ဒသမ ၅ လက်မ၊ ထု ၃ ဒသမ ၇၅ လက်မရှိသော အုတ်ခွက်ကြီးများကို ၁၉၉၃ ခုနှစ်တွင် တူးဖော်ရရှိခဲ့သည်။ ယင်းတို့သည် တွံတေးမြို့နယ် မောင်းတီးဘုရားမှ တွေ့ရသည့် အနော်ရထာမင်းအုတ်ခွက်များကဲ့သို့ ကြီးမားသောအုတ်ခွက်များ ဖြစ်ကြသည်။ ၂၀၀၇ ခုနှစ်တွင် ကျောက်စကားကြီးဘုရား အနောက်ဘက်မှ အလျား ၁၆ လက်မ၊ အမြင့် ၂၁ လက်မ၊ ထုလေးလက်မရှိသည့် အုတ်ခွက်ကြီးကို ထပ်မံရရှိခဲ့သည်။ ယင်းအုတ်ခွက်ကြီးနှင့်အတူ စောလူးမင်းဘွဲ့ပါရှိသော အုတ်ခွက်ကြီးများနှင့် နှစ်ကျိပ်ရှစ်ဆူပုံပါရှိသော အုတ်ခွက် အကျိုးများကို တွေ့ရှိခဲ့ရသည်။

အုတ်ခွက်ဘုရားများကို ပျူခေတ်မှသည် ကုန်းဘောင်ခေတ်လက်ရာများအထိ တွေ့ရှိခဲ့ကြရာ ပျူအုတ်ခွက်များသည် ပုဂံအုတ်ခွက်များထက် လက်ရာပိုမိုသေသပ်ကောင်းမွန်ကြောင်း တွေ့ရှိနိုင်သည်။ ပုဂံခေတ်နှောင်းပိုင်း အုတ်ခွက်များသည် ပုဂံရှေ့ပိုင်းအုတ်ခွက်များထက် ပိုမိုကောင်းမွန်သည့်တိုင် ပျူအုတ်ခွက်များကို မမီသေးပါချေ။ မည်သို့ပင်ဆိုစေ အုတ်ခွက်ဘုရားများသည် အလှူရှင်များ၏ စိတ်ကူးစိတ်သန်းအပေါ် မူတည်လျက် ဗုဒ္ဓယဉ်ကျေးမှုလက်ရာပုံစံများစွာကို ဖော်ညွှန်းနေသည့် ရှေးဟောင်းအမွေအနှစ်များဖြစ်သဖြင့် ဆက်လက် ရှာဖွေထိန်းသိမ်း သုတေသနပြုကြရမည်သာ ဖြစ်ပေသည်။

**ကိုးကား**

**(၁) ရှေးဟောင်း ရုပ်ပွားဆင်းတုတော်များ(မင်းဘူးအောင်ကြိုင်)**

**(၂) မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဒီပလိုမာဘွဲ့ သင်တန်းပို့ချချက်များ (ဒေါက်တာကျော်ဝင်း)**

## ဒလမြို့နယ်၌ ပထမဦးဆုံး ရေသန့်ထုတ်စက် တပ်ဆင်ပြီးစီး



**ဒလ မတ် ၂၁**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေ/သန့်ဌာနနှင့် ဂျပန်နိုင်ငံ JFE Engineering Corporation တို့ ပူးပေါင်း၍ ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် စည်ပင်သာယာရေးကော်မတီဌာန ရေဖြန့်ဝေရေးရုံး၌ တည်ဆောက်ခဲ့သော ရေသန့်ထုတ်စက်သစ်ကြီး တပ်ဆင်ပြီးစီးသဖြင့် ဖွင့်ပွဲကို မတ် ၁၇ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ရေသန့်စက်ကြီးသည် JFE Engineering Corporation ၏ Pilot Test Unit သောက်သုံးရေသန့် ထုတ်လုပ်စက်ကြီးဖြစ်ပြီး တစ်ရက်လျှင် သောက်သုံးနိုင်သော အဆင့်ရှိ ရေသန့်ဂါလန် ၅၀၀၀ ကျော် ထုတ်လုပ်နိုင်ကြောင်း JFE Engineering Corporation မှ ဒါရိုက်တာ Mr.Yoshiro Abe ၏ ပြောကြားချက်အရ သိရသည်။

ဖွင့်ပွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေသန့်ဌာနမှ ဒုတိယဌာနမှူး ဦးမြင့်ဇော်သန်းက အမှာစကားပြောကြားပြီး JFE Engineering Corporation မှ ဒါရိုက်တာက ရေသန့်ထုတ်လုပ်စက်ကြီးကို ယခုလို မြန်မာနိုင်ငံအစိုးရဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်းအတွက် ဂုဏ်ယူကြောင်းနှင့် ဒလမြို့နယ်သည် ရေအခက်အခဲများ ကြုံတွေ့ရသည့် မြို့နယ်ဖြစ်သောကြောင့် မြို့နယ်အတွင်း ပထမဆုံးသော သောက်သုံးရေသန့်စက်ကြီးကို ဆောက်လုပ်ပေးနိုင်သည့်အတွက် ဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။

ဖွင့်ပွဲသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လက်ထောက်ဌာနမှူး ဦးသက်လွင်၊ JFE Engineering Corporation မှ တာဝန်ရှိသူများ၊ ဒလမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ ရေဖြန့်ဝေရေးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

## ယင်းမာပင်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ

**ယင်းမာပင် မတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်အတွင်း ကျေးရွာများမှ ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ စီးပွားရေးကဏ္ဍများ တိုးတက်လာရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မူဝါဒချမှတ်ကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းမာပင်မြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တင်ဆုံကျေးရွာနှင့် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် လက်ပံ၊ အောင်ချမ်းသာ၊ ပြန်လှည့်၊ ကျောက်ပြုတ်၊ ပြောင်းပြာ၊ မင်းဇူး၊ ချင်းပုန်း၊ အေးကုန်း၊ နံ့သာကုန်းနှင့် အင်းသာစသည့်ကျေးရွာများတွင် မြစိမ်းရောင်စီမံကိန်းများကို အကောင်အထည်ဖော်ကာ ကျေးရွာတစ်ရွာလျှင် စီမံကိန်းရန်ပုံငွေ ကျပ်သိန်းသုံးရာစီ ထုတ်ပေး၍ ဒေသဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခဲ့သည်။ ဒေသခံများအနေဖြင့် ထိုချေးငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများကို တိုးတက်အောင် လုပ်ကိုင်နိုင်ခဲ့ရာ တင်ဆုံကျေးရွာ၌ အတိုးရငွေ ကျပ် ၂၇ သိန်းကျော်ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရန် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

ကျေးလက်လမ်းများ ခင်းခြင်းကိုလည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၇၄၀ ဒသမ ၆၇ သန်းခန့်အသုံးပြု၍ ကျေးလက်လမ်း ကိုးလမ်း၊ စုစုပေါင်းလမ်းအရှည် ၂၅ မိုင်ခန့်ကို ဆောင်ရွက်လျက်ရှိသည်။ ကျေးလက်လမ်းများ ခင်းပေးခြင်းဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၁ ရွာမှ လူဦးရေ ၃၃၀၀၀ ခန့်အတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေမည်ဖြစ်သည်။

ထို့အပြင် ကျေးရွာ ၁၂ ရွာတွင်လည်း သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် စက်ရေတွင်း ၁၂ တွင်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၇၃ ဒသမ ၃ သန်းဖြင့် တူးဖော်လျက်ရှိကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် JICA တို့ ပူးပေါင်းပြီး စက်ရေတွင်းတူးခြင်းများကိုလည်း ဖိုလ်ဝင်တောင်၊ ပိုင်၊ အင်တော၊ ဆင်စွယ်စသည့် ကျေးရွာများတွင် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်အတွင်းမှ ကျေးရွာများ မီးလင်းရေးအတွက်လည်း ဆောင်ရွက်လျက်ရှိရာ ချင်းပုန်း၊ မေတ္တာကုန်း၊ သပြေအေးစသည့် ကျေးရွာများတွင် မီးလင်းရေးလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၈၅ ဒသမ ၆၈ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## ချင်းရိုးရာလုံချည်များကို လူကြိုက်များသဖြင့် မှာယူသူများပြားလာ

**မုံရွာ မတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကျောက်စစ်ပုံ(မ)ရွာရှိ ရိုးရာရက်ကန်းလုပ်ငန်းများမှ ရက်လုပ်သော အမျိုးသမီးဝတ် ချည်ထည်လုံချည်များကို လူကြိုက်များလာသဖြင့် မှာယူသူ များပြားလာလျက်ရှိကြောင်း ကျောက်စစ်ပုံ(မ)ရွာရှိ ရက်ကန်းလုပ်ငန်းလုပ်ငန်းရှင်များထံမှ သိရသည်။

"ကျွန်တော်တို့ ကျောက်စစ်ပုံ(မ)ရွာမှာ တစ်ရွာလုံးနီးပါး တောင်သူလုပ်ငန်းအပြင် ရက်ကန်းလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပါတယ်။ ကျွန်တော့် အိမ်မှာ ရက်ကန်းစင်အရှည် ၁၀ စင် ရှိပါတယ်။ အမျိုးသမီးဝတ် ချင်းရိုးရာ လုံချည်တွေကို စိန်ပွင့်၊ ပန်းတရာ၊ သတို့သမီးချိတ်စတဲ့ ဒီဇိုင်းအမျိုးမျိုးနဲ့ ရက်လုပ်ကြပါတယ်။ ချည်အနေနဲ့ကတော့ အိန္ဒိယချည်ကို သုံးပါတယ်။ အမျိုးသမီးဝတ် လုံချည်တစ်ကွင်းကို ကွင်းအကျယ် ၇၅ လက်မ ရက်လုပ်ပေးရပါတယ်။ ဒီအထည်တွေက ဆောင်းပိုင်းဆို ပိုပြီးအလုပ်ဖြစ်တယ်။ မုံရွာကဆိုင်တွေမှာ သွားသွင်းရင် ဒီဇိုင်းအလိုက် တစ်ထည်ကို ငွေကျပ် ရှစ်ထောင်လောက်ကစပြီး တစ်သောင်း ဝန်းကျင်လောက်အထိ ရပါတယ်။ လက်ရှိမှာလည်း ရက်ကန်းထည်လေးတွေကို မှာတဲ့သူတွေများတော့ နားရက်မရှိဘဲ စိတ်ကြိုက်ဒီဇိုင်းတွေကို ရက်လုပ်ပေးနေရပါတယ်။ တောင်သူလုပ်ငန်းထက် ဒီရက်ကန်းလုပ်ငန်းက တွက်ခြေပိုကိုက်တယ်"ဟု ကျောက်စစ်ပုံ(မ)ရွာမှ ရက်ကန်းစင်လုပ်ငန်းရှင် ဦးဖုန်းက ပြောသည်။



ရက်ကန်းလုပ်ငန်းကောင်းသဖြင့် ရက်ကန်းစင်ပိုင်ရှင်များကဲ့သို့ နေ့စား ရက်ကန်းခတ်သူများလည်း အဆင်ပြေကြကြောင်း သိရသည်။ "နေ့စဉ် ဒီရက်ကန်းလုပ်ငန်း လည်ပတ်ဖို့အတွက် ယင်းမာပင်မြို့နယ် သကြားစက်ရွာက အမျိုးသမီး ရှစ်ဦးနဲ့ ရွာထဲက မိန်းကလေးတွေ ပညာသင်လက်ခစားအနေနဲ့ နေ့စဉ်နံနက် ၈ နာရီကနေ ည ၁၁ နာရီလောက်အထိ ရက်လုပ်ကြတယ်။ သူတို့လုပ်အားခကို ရက်လုပ်တဲ့ဒီဇိုင်းအလိုက် တစ်ထည်ကို ငွေကျပ်နှစ်ထောင်မှ လေးထောင်လောက်အထိ ရရှိကြပါတယ်"ဟု ဦးဖုန်းက ဆက်ပြောပြသည်။

လက်ရှိအချိန်တွင် ခေတ်ပေါ်ရယ်ဒီမိတ်အဝတ်အထည်များပေါ်များလာသော်လည်း ရိုးရာရက်ကန်းလုပ်ငန်းများမှ ရက်လုပ်သော အမျိုးသမီးဝတ် ချည်ထည်လုံချည်များကို မြတ်မြတ်နိုးနိုး ဝယ်ယူဝတ်ဆင်ကြသူများသဖြင့် မှာယူသူ များပြားနေလျက်ရှိကြောင်း၊ ရက်ကန်းလုပ်ငန်းသုံး ချည်များမှာ ယခင်ခေတ်အခါက ချည်အဖြူရောင်တစ်မျိုးတည်းသာရှိသဖြင့် ဆေးပြန်ဆိုးပြီးမှ ရက်လုပ်ခဲ့ကြရာမှ ယခုအခါ ချည်အရောင်မျိုးစုံကို လွယ်လင့်တကူ ဝယ်ယူနိုင်လာသဖြင့် ဆေးဆိုးစရာမလိုတော့ဘဲ ရက်လုပ်ရာတွင် လွယ်ကူလာကြောင်း၊ ကျောက်စစ်ပုံ(မ)ရွာမှ ရက်ကန်းလုပ်ငန်းရှင်များအနေဖြင့် ရက်ကန်းပညာရပ်ကို လက်ဆင့်ကမ်းသင်ကြားရင်း ဝတ်ဆင်သူစိတ်ကြိုက် ဒီဇိုင်းများကို ရက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

## သူ့အတွေး သူ့အမြင်

### တောင်သမံအင်းမှ ရေလုပ်သားများ၏ ဘဝများ

မန္တလေးတိုင်းဒေသကြီး၏ ကမ္ဘာကျော်နေရာတစ်ခုဖြစ်သည့် တောင်သမံအင်းနှင့် ဦးပိန်တံတားသည် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများ၊ ပြည်တွင်းဧည့်သည်များဖြင့် စည်ကားရာနေရာဖြစ်သည်။ ထိုတောင်သမံအင်းအတွင်းသို့ ကြည့်ရှုလိုက်မည်ဆိုပါက လှေများဖြင့်ငါးဖမ်းနေသူများ၊ ငါးမျှားတံဖြင့် ငါးမျှားနေသူများ၊ ဘဲကျောင်းနေသူများ၊ ယက်သဲ့ဖြင့် ငါးဖမ်းနေသူများကို တွေ့မြင်နိုင်သည်။

၎င်းတို့အထဲမှ ယက်သဲ့ဖြင့် ငါးဖမ်းနေသူအချို့ကို ငါးဖမ်းလုပ်ငန်းအခြေအနေအကြောင်း မေးမြန်းကြည့်မိသည်။ ၎င်းတို့သည် စကျင်ဝကျေးရွာမှ လာရောက်လုပ်ကိုင်သည့် ရေလုပ်သားများဖြစ်ကြောင်း၊ မိမိတို့ကျေးရွာမှ ည ၁၂ နာရီခန့်တွင် လာရောက်ပြီး တောင်သမံအင်းအတွင်းသို့ ည ၂ နာရီခန့်တွင် ဆင်းသက်ကာ အလုပ်လုပ်ရကြောင်း၊ နံနက် ၇ နာရီခန့်တွင် အလုပ်သိမ်းကြောင်း၊ ရရှိလာသည့်ငါးများကို ဒိုင်များသို့သွင်းကြောင်း ပြောပြကြသည်။

ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ကြသော ရေလုပ်သားများအနေဖြင့် တောင်သမံအင်းအတွင်း ငါးဖမ်းဆီးရန်အတွက် အင်းသူကြီး(ခေါ်)အင်းပိုင်အား အခွန်ငွေအဖြစ် ကျပ် ၃၀၀၀ နေ့စဉ်ပေးရကြောင်း၊ ယခုလို ငါးအရနည်းသည့်အချိန်တွင် ကျပ် ၂၀၀၀ ပေးရကြောင်း၊ ရရှိသည့်ငါးများကို ဒိုင်သို့ရောင်းချရာတွင် နေ့စဉ် အနည်းဆုံး ကျပ်တစ်သောင်းခန့်ရရှိပြီး ငါးအရများသည့်အခါများတွင် ကျပ်သုံးသောင်းဖိုးအထိ ရရှိ၍ စားဝတ်နေရေးအဆင်ပြေကြောင်းတို့ကိုလည်း ပြောပြကြသည်။

လူအများ အိပ်စက်နေချိန်တွင် အေးမြလှသော တောင်သမံအင်းရေအတွင်း ဆင်းသက်ကာ မိသားစုဝမ်းရေးအတွက် အလုပ်လုပ်ကိုင်နေကြသော ရေလုပ်သားကြီးများ၏နေ့စဉ်ဘဝမှာ ပင်ပန်းလှသော်လည်း ငါးဖမ်းလုပ်ငန်းဖြင့် စားဝတ်နေရေး အဆင်ပြေကြကြောင်း ကြားသိရသဖြင့် ဝမ်းမြောက်မိပါသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



## မုန်းချောင်း ကမ်းပါးပြိုကျမှု ကာကွယ်ရေးအတွက် ဆောင်ရွက်

**ပွင့်ဖြူ မတ် ၂၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်၌ မုန်းချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျခြင်းမှ ကာကွယ်ရေးအတွက် ကျောက်ဖြည့် မျှောတိုင်တန်းများကို တည်ဆောက်လျက်ရှိသည်။

ချောင်းကမ်းပါးပြိုကျခြင်းမှ ကာကွယ်ရန် အလျား ပေ ၆၀ ရှိ မျှောတိုင်တန်း၊ သဲအိတ်ဖြည့် ကျောက်စီရေကာတာ ၁၀ ခုနှင့် အလျား ပေ ၈၀ ရှိ ကျောက်ဖြည့်မျှောတိုင်တန်း ၁၀ ခုကို တည်ဆောက်နေခြင်းဖြစ်သည်။ လုပ်ငန်းများကို မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ယခုနှစ် ဇန်နဝါရီလဆန်းပိုင်းက စတင်တည်ဆောက်ခဲ့ပြီး မတ်လကုန်တွင် လုပ်ငန်းအားလုံး ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့၌ ပြီးခဲ့သည့်နှစ် ဇူလိုင်နှင့် ဩဂုတ်လများအတွင်းက မိုးသည်းထန်ပြီး ရေကြီးရေလျှံခဲ့မှုများကြောင့် မုန်းချောင်းရေတိုက်စားကာ ကမ်းပါးပြိုကျခြင်းများရှိခဲ့၍ ကမ်းပါးပြိုကျမှု ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ပွင့်ဖြူခင်မောင်ဌေး**

# သမိုင်းဝင်ဇလုံတောင်သို့ ဘုရားဖူးလာကြသူ များပြားလာသဖြင့် တောင်တက်ယာဉ်စီးရေ မလုံလောက်တော့ဘဲ စောင့်ဆိုင်းနေရ

**ဗန်းမောက် မတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်ရှိ သမိုင်းဝင် ဇလုံတောင်တော်မြတ်ဆီသို့ ဘုရားဖူးလာကြသူများမှာ ပွင့်လင်းရာသီမှ စတင်ကာ နေ့စဉ်များပြားလျက်ရှိရာ ယခုအခါ ဘုရားဖူးသူနှင့် တောင်ပေါ်သို့တက်သည့် မော်တော်ယာဉ်စီးရေ လုံလောက်မှုမရှိ ဖြစ်လာသည့်အတွက် ဘုရားဖူးများ စောင့်ဆိုင်းနေကြရသည်များ ရှိလာကြောင်း သိရသည်။

“ဇလုံတောင်ပေါ်ကို နေ့စဉ်ပြေးဆွဲနေတဲ့ကားက လုံလောက်မှုမရှိဘူးလေ။ ဘုရားဖူးပို့တဲ့ ဖိုးဝိုးကားက အားလုံး ၂၁ စီးပဲ ရှိတာပါ။ အခုလို ပွင့်လင်းရာသီလည်းဖြစ် အထက်တန်းစာမေးပွဲတွေလည်းပြီး အထူးသဖြင့် သင်္ကြန်ကာလနဲ့ နီးကပ်လာလေလေ တစ်နိုင်ငံလုံးက ဘုရားဖူးသွားလာကြသူတွေ များပြားလာလေမို့ မော်တော်ယာဉ်တွေ လုံလောက်မှုမရှိတာပါ”ဟု ဗန်းမောက်မြို့ခံတစ်ဦးဖြစ်သူ ဘုရားဖူးအကျိုးတော်ဆောင်အဖွဲ့မှ ဦးလှိုင်ဘွားက ပြောသည်။

ဗန်းမောက်မြို့တွင် နေ့စဉ် ယာဉ်ကြွခိုင်မှုစစ်ဆေးပြီး ဇလုံတောင်ပေါ်သို့ပြေးဆွဲနေသော ကားစီးရေ ၂၁စီးခန့်ရှိသော်လည်း ယခုအခါ ဘုရားဖူးသူဦးရေ များလာသဖြင့် လုံလောက်မှုမရှိတော့ဘဲ နေ့စဉ်ဘုရားဖူးသွားလာကြသူများမှာ ယာဉ်ကို အချိန်ကုန်ခံ စောင့်ဆိုင်းနေရပြီး အခက်အခဲနှင့်ကြုံတွေ့နေရကြောင်း၊ လက်ရှိအချိန်တွင် အနယ်နယ်အရပ်မှ ဇလုံတောင်ပေါ်သို့ နေ့စဉ်ဘုရားဖူးလာကြသူ ၁၀၀၀ ခန့်အထိရှိနေကြောင်း သိရသည်။


လှုပြည့်နေသော တောင်တက်ကားတစ်စီးနှင့် နောက်ကားစောင့်နေရသော ဘုရားဖူးများ။

ဗန်းမောက်မြို့မှ ဇလုံတောင်သို့ အကွာအဝေးသည် ၁၃ မိုင်ရှိပြီး တောင်ခြေ ပဲမနကျေးရွာမှ ဇလုံတောင်ပေါ်အထိ တောင်တက်တောင်ဆင်းလမ်းမှာ ခုနစ်မိုင်ခရီးဖြစ်သည်။ အဆိုပါ ခရီးခုနစ်မိုင်သည် အတက်အဆင်းမတ်စောက်ပြီး အကွေ့အဝိုက်များ ပေါများသဖြင့် ကားကြီးများနှင့် သာမန်ယာဉ်ငယ်များ သွားလာရန်ခက်ခဲကာ အထူးကြံ့ခိုင်သည့် ယာဉ်များသာ မောင်းနှင်သွားလာ၍ ရကြောင်း သိရသည်။ **နီတိုး**

## မြို့နယ်နှင့် ရပ်ကွက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအား ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် မတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ဝင်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေပေးအပ်ဂုဏ်ပြုပွဲကို မင်္ဂလာတောင်ညွန့် အထက(၃)ကျောင်းခန်းမ၌ မတ် ၁၉ ရက်က ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲတွင် အရှေ့ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးတင်ရှိန်က မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင် ၁၅ ဦးထံ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများကို ပေးအပ်သည်။ ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌများအား ဂုဏ်ပြု မှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ဆက်လက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## လူငယ်နှင့် အမျိုးသမီးငယ် ၄၀၀ အား သာမဏေနှင့် သီလရှင်ဝတ်ပေး

**မိတ္ထီလာ မတ် ၂၁**

မိတ္ထီလာမြို့ အောင်ဆန်းနယ်မြေ မကျီးကုန်းရပ်ကွက်ရှိ တေဇာရုံမကျီးကုန်းကျောင်းတိုက်၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓယဉ်ကျေးမှုပြန့်ပွားရေးနှင့် လူမှုကူညီရေးအဖွဲ့(မကျီးကုန်း)မှ နာယကဆရာတော်၏ ဦးဆောင်မှုဖြင့် မြို့နေကျောင်းသားလူငယ် ၂၀၀ အား သာမဏေအဖြစ်နှင့် မိန်းကလေးငယ် ၂၀၀ အား သီလရှင်များအဖြစ် မတ် ၁၄ ရက်က သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခဲ့ကြောင်း သိရသည်။

သာမဏေနှင့် သီလရှင်လေးများမှာ မတ် ၁၄ ရက်မှ ၂၄ ရက်အထိ ၁၀ ရက်ကြာ သာသနာ့ဘောင်တွင်နေထိုင်၍ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ တက်ရောက်သွားကြမည်ဖြစ်ကြောင်း သိရသည်။ သာမဏေနှင့် သီလရှင်များအတွက် သင်္ကန်း၊ သပိတ်၊ သီလရှင်ဝတ်စုံနှင့် ငွေဖလားများ စုစုပေါင်းတန်ဖိုး ကျပ်သိန်း ၁၂၀ ကျော်ကို မိတ္ထီလာမြို့ ရွှေပြည့်အိမ် အိမ်ဆောက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းဆိုင်မှ လှူဒါန်းပြီး မြို့ပေါ်ရပ်ကွက်များမှ အလှူရှင်များက ၁၀ ရက်လုံး ဆွမ်းလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

## မောင်းမကန်ကမ်းခြေ၌ တစ်ပိုင်တစ်နိုင်ငါးဖမ်းသူများ အဆင်ပြေ

**ထားဝယ် မတ် ၂၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၏ အထင်ကရ မောင်းမကန်ပင်လယ်ကမ်းခြေ၌ တစ်ပိုင်တစ်နိုင်ငါးဖမ်းသူ များပြားလာပြီး ငါးအရများသောကြောင့် ငါးဖမ်းလုပ်ငန်းလုပ်သူများ ဝင်ငွေပိုမိုရရှိကာ အဆင်ပြေနေကြကြောင်း သိရသည်။

ငါးဖမ်းရာတွင် ကမ်းခြေမှ ရေအနက်ငါးပေခန့်နေရာတွင် ပိုက်ချ၍ ငါးဖမ်းရကြောင်း၊ ပိုက်ချရာတွင် လူအင်အား လေးယောက်၊ ငါးယောက်ခန့်ဖြင့် လုပ်ရကြောင်း၊ နေ့စဉ် နံနက်၅နာရီမှ နံနက်၈နာရီအချိန်အထိ ဖမ်းရကြောင်း၊ မိုးတွင်းကာလဖြစ်သည့် ဝါဆိုဝါခေါင်လများတွင် ပို၍ဖမ်းရပြီး ငါးမျိုးစုံနှင့် ပုစွန်အကြီးများပါ ရသည့်နေ့များတွင် တစ်ရက်လျှင် ကျပ်လေးသောင်းမှ ငါးသောင်းဖိုးအထိ ရကြကြောင်း တစ်ပိုင်တစ်နိုင်ငါးဖမ်းလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

မောင်းမကန်ပင်လယ်ကမ်းခြေတွင် တစ်ပိုင်တစ်နိုင်ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် ရရှိလာသော ငါးမျိုးစုံကို မောင်းမကန်ကမ်းခြေဈေးသို့ ရောင်းချကြသည့်အပြင် ကမ်းခြေရှိ ပင်လယ်စာရောင်းချနေသော စားသောက်ဆိုင်များသို့လည်း ရောင်းချနေရ၍ မိသားစုဝမ်းရေးအတွက် အဆင်ပြေနေကြကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**



# လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်နှင့် နွေစပါးစိုက်ပျိုးရန် ပန်းလှိုင်မြစ်ကြောင်းပြန်လည်တူးဖော်

**ဆောင်းပါး – တင်လှိုင်(မိတ္ထီလာ)**

မြန်မာနိုင်ငံသည် ရေသယံဇာတ၊ မြေသယံဇာတ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်စသည့် အဓိကမြစ်ကြီးများအပြင် အခြားမြစ်ငယ်၊ ချောင်းငယ်များလည်း အသွယ်သွယ်စီးဆင်းနေသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ရာ စိုက်ပျိုးရေးအတွက် လိုအပ်သောရေများကို ထိုမြစ်ချောင်းအင်းအိုင်တို့မှ ရယူသုံးစွဲခြင်းဖြင့် စိုက်ပျိုးရေးလုပ်ကိုင်နေကြသည်။ မြစ်ချောင်းများသည် စိုက်ပျိုးရေးသာမက ရေကြောင်းသွားလာရေးအတွက်လည်း အကျိုးပြုသလို အဆိုပါမြစ်ချောင်းများ ရေကြီးရေလျှံခြင်းကြောင့် ရေနစ်မြုပ်ပျက်စီးနိုင်မှုများမှ ကာကွယ်ရေးသည်လည်း အရေးကြီးသည်။

ထိုသယံဇာတ မြစ်ချောင်းများထဲတွင် အပါအဝင်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပန်းလှိုင်မြစ်တွင်လည်း မြစ်ရေကြီးခြင်းကြောင့် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်နှင့် မြစ်ရေဖြင့် နွေစပါး စိုက်ပျိုးနိုင်ရန်အတွက် မြစ်ကြောင်းပြန်လည်တူးဖော်မှုများကို ဆောင်ရွက်လျက်ရှိသည်။

ပန်းလှိုင်မြစ်သည် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းနေသည့် မြစ်တစ်စင်းဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ညောင်တုန်းမြို့မှစ၍ ဧရာဝတီမြစ်မှ ခွဲထွက်ပြီး စီးဆင်းလာခဲ့ရာ ညောင်တုန်းမြို့နယ် မဲဇလီကျေးရွာအနီးတွင် ပန်းလှိုင်မြစ်၊ ကုက္ကိုဝမြစ်ဟူ၍ မြစ်နှစ်စင်းခွဲထွက်ပြီး ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်းအနီးတွင် ပန်းလှိုင်မြစ်အတွင်းသို့ စီးဝင်သောမြစ်တစ်စင်းဖြစ်သည်။ ပန်းလှိုင်မြစ်သည် ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ မဲဇလီဒလမှ ခတ္တိယရွာအထိ အလျား ၇ ဒသမ ၅၂ မိုင်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ခတ္တိယရွာမှ လှိုင်မြစ်အထိ အလျား ၂၆ ဒသမ ၆ မိုင် စုစုပေါင်း ၃၄ မိုင်ကျော် ရှိသည်။

ရှေးယခင်အခါက မဲဇလီဒေသမှ လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်းအနီးအထိ ပန်းလှိုင်မြစ်တစ်လျှောက် နှစ်ထပ်သင်္ဘောများ အစုန်အဆန် ဝင်ထွက်သွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ ရေလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်နိုင်ခြင်းတို့ကြောင့် မြစ်ကမ်းဘေးတစ်လျှောက်ရှိ ကျေးရွာများမှ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးများ အဆင်ပြေတိုးတက်ခဲ့သည်။ နောက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင် မဲဇလီဒလမှ အုန်းပင်စုရွာအထိသာ ရေရောက်ရှိကာ ထိုနေရာမှ ခတ္တိယရွာအထိ တိမ်ကောခဲ့ပြီး ကျူတောများ၊ပိတ်စွယ်တောများ အပြည့်ပေါက်လျက်ရှိသည်။ မိုးတွင်းကာလတွင် ရေထုတ်နှုတ်ရန် တည်ဆောက်ထားသော ခတ္တိယ၊ မြဂဲနှင့် ဘိုတာရေတံခါးတို့မှာလည်း ရေစီးဆင်းမှုမရှိ၍ နုန်းများပိတ်ဆို့လာခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာလည်း လှိုင်မြစ်ဝမှ ကင်းရွာအထိသာ ရေရောက်ရှိပြီး ကင်းရွာအထက်ပိုင်း ပန်းလှိုင်မြစ်ကြောင်းတွင် ကျူတောများ၊ ပိတ်စွယ်ပင်များ ပေါက်ရောက်လျက်ရှိသည်။ မရွှေဥရေတံခါး၊ စန္ဒယော်ရေတံခါးနှင့် ထိုးဝါးချောင်းရေတံခါးတို့သည်လည်း မြစ်ရေစီးဆင်းမှုလျော့နည်းလာခြင်းကြောင့် နုန်းများပိတ်ဆို့ခဲ့ပြီဖြစ်သည်။

ပန်းလှိုင်မြစ်မှာ သဲနုန်းများပို့ချမှုကြောင့် မြစ်ကြောင်းတစ်လျှောက် အစမှအဆုံး ရေကြောင်းလမ်းအဖြစ် သုံးမရဘဲဖြစ်နေ၍ ရေကြောင်းပိတ်နေသော ပန်းလှိုင်မြစ်ကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် သီးသန့်ရန်ပုံငွေ ကျပ်သန်းပေါင်း ၂၂၅၀၀ ဖြင့် ပြန်လည်တူးဖော်ပြုပြင်ရန် ခွင့်ပြုခဲ့သည်။ နှစ်ပေါင်းများစွာ တိမ်ကောပျက်စီးနေသည့် ပန်းလှိုင်မြစ်ကြီးကို ၂၀၁၄ ခုနှစ် ဩဂုတ်လမှစ၍ ဆည်မြောင်းဦးစီးဌာနက ပြန်လည်တူးဖော်ခဲ့သည်။

ဤသို့ ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ပေးသဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ညောင်တုန်းကျွန်းတာ တာတမံဧရိယာများ၌ မိုးတွင်းကာလ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ခြင်း အကျိုးကျေးဇူးကို ရရှိလာသည်။ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြစ်ဝမှ နုန်းပါဝင်သည့်ရေများ ဝင်ရောက်ခြင်းမရှိတော့သဖြင့် နုန်းပို့ချမှုသက်သာကာ ညောင်တုန်းကျွန်းနှင့် အရွဲကွင်းတို့တွင် မိုးတွင်းကာလ ရေထုတ်ရန် တည်ဆောက်ထားသည့် ခတ္တိယရေတံခါးနှင့် မြဂဲရေတံခါးတို့မှ ပုံမှန်ရေထုတ်နိုင်လာရာ ယခုအခါ ညောင်တုန်းမြို့နယ် ညောင်တုန်းကွင်း မိုးစပါးစိုက်ဧကများကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်သည်နှင့်အတူ အရွဲကွင်းအတွင်းရှိ မိုးစပါးဧက ၃၀၀၀ နှင့် နွေစပါး ၃၃၄၂ ဧက စုစုပေါင်း ၆၃၄၂ ဧကကို အပြည့်အဝ စိုက်ပျိုးလာနိုင်ပြီဖြစ်သည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်နှင့် ထန်းတပင်မြို့နယ်အတွင်းရှိ ဧရိယာ ၁၀၁၁၂၈ ဧကကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ခဲ့သည်။ ပန်းလှိုင်မြစ်ရေကို တူးမြောင်းဖောက်လုပ်သွယ်ယူပြီး ခတ္တိယမြောင်း၊ တလုတ်တာမြစ်မှတစ်ဆင့် သယ်ယူသွားပါက တွံတေး-လှိုင်သာယာကားလမ်းဘေး ပဒန်ရေကျော်အထိ ရေသွယ်ယူနိုင်သည်။ အဆိုပါ တာဘေးမြောင်းနှင့် ဆက်စပ်လျက်ရှိသော လေးမောင်ချောင်း၊ ကမ်းနီးချောင်း၊ ကုလားချောင်း၊ ခနောင်ချောင်း၊ ကျွဲတရွတ်ချောင်း စသည့် ချောင်းများနှင့်အတူ တူးဖော်ထားသော မြောင်းများမှတစ်ဆင့် ရွှေမယွင်းဒေသ မြောက်ပိုင်းရှိ ကွင်းဧရိယာ ဧက ၇၀၀၀ခန့်ကို ရေသွင်းနိုင်ပြီး နွေစပါးစိုက်ပျိုးနိုင်မည်ဖြစ်၍ မိုးရာသီအတွင်း ယခုရေသွင်းလာသည့် လားရာပြောင်းပြန်အတိုင်း ရွှေမယွင်းကွင်းမြောက်ပိုင်းမှ ကွင်းရေများကို ပန်းလှိုင်မြစ်အတွင်း ထုတ်နေပြီဖြစ်သည်။

ယခုအခါ ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်နိုင်ခဲ့သဖြင့် တက်သစ်ကျွန်းများအတွင်းတွင်လည်း မင်္ဂလာရေတံခါး၊ စန္ဒယော်ရေတံခါး၊ ထိုးဝါးချောင်းရေတံခါး၊ မရွှေဥရေတံခါး၊ မြစိမ်းရောင်ရေတံခါးတို့မှ ရေသွင်းရေထုတ် ပြုလုပ်နိုင်ပြီဖြစ်၍ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ပေးနိုင်ပြီဖြစ်သည်။ ထို့အတူ မြစ်ကြောင်းပြန်လည်ဖော်ထုတ်ခြင်းကြောင့် တွံတေး၊ ထန်းတပင်နှင့် ညောင်တုန်းမြို့နယ်အတွင်း နွေစပါး ၂၇၉၈၅ ဧကကို ပြန်လည်စိုက်ပျိုးလာနိုင်ပြီဖြစ်သည်။

ပျက်အစဉ်ပြင်ခဏဆိုသည့် စကားပုံနှင့်အညီ နှစ်ပေါင်းများစွာ တိမ်ကောနေသည့် ပန်းလှိုင်မြစ်ကြောင်းကြီးကို ခြောက်လအတွင်း ယန္တရားကြီးများဖြင့် ပြန်လည်တူးဖော်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပန်းလှိုင်မြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများ၌ နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများပါ စိုက်ပျိုးနိုင်ကာ ရေကြီးနစ်မြုပ်မည့် ဘေးအန္တရာယ်မှလည်း ကာကွယ်ပေးနိုင်ပြီသဖြင့် မြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ တောင်သူလယ်သမားများ ဝမ်းမြောက်လျက်ရှိနေကြပြီဖြစ်ပါသည်။ ။

## သတင်းတိုများ

### နိုင်ငံခြားသားခရီးသွားဧည့်သည်များ ဧရာဝတီမြစ်ကြောင်းခရီးဖြင့် မြန်အောင်မြို့သို့ရောက်ရှိလေ့လာ

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ ဧရာဝတီသင်္ဘောဆိပ်သို့ ဆွစ်ဇာလန်နှင့် ဂျာမနီနိုင်ငံတို့မှ နိုင်ငံခြားခရီးသွားဧည့်သည် ၁၈ ဦးပါဝင်သောအဖွဲ့သည် ဧည့်လမ်းညွှန် မယမင်းမေဝါ ဦးဆောင်၍ ဧရာဝတီမြစ်ကြောင်းမှ RV Thurgau Exotic II သင်္ဘောဖြင့် မတ် ၁၉ ရက်က ရောက်ရှိခဲ့ပြီး မြန်အောင်မြို့တွင်း နေခြည်ဈေးနှင့် ရှေးဟောင်းတိုက်တာအဆောက်အအုံများကို မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးလေ့လာခဲ့ကြကြောင်း သိရသည်။ **ဝင်းမိုလ်(ပြန်/ဆက်)**

### ကျေးရွာများတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရန် ကွင်းဆင်းစစ်ဆေး

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများ၌ အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများက ကွင်းဆင်း၍ ဆောင်ရွက်လျက်ရှိရာ နဘဲကန်ကျေးရွာရှိ ရေတွင်းများအခြေအနေကို မတ် ၁၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးရဲမင်းအောင်နှင့်အဖွဲ့က ကျေးရွာမှ ဒေသခံများနှင့်တွေ့ဆုံ၍ အပူချိန်မြင့်မားသော အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရန်အတွက် ရေကိုစနစ်တကျသုံးစွဲကြရန်နှင့် သန့်ရှင်းသော သောက်သုံးရေများကို စနစ်တကျထားရှိကြရန်တို့ကို ဆွေးနွေးခဲ့ကာ ရေတွင်းများတွင် ရေပြတ်လပ်နိုင်ချေ ရှိ မရှိကို ကွင်းဆင်းစစ်ဆေးခဲ့ကြခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

### ကျောက်စည်ရောင်းချသူများ အဆင်ပြေ

ရမည်းသင်းတွင် အယ်နီညိုအပူချိန်ကြောင့် ရေများဆုတ်ယုတ်သွားမည်ကို သိရှိရသဖြင့် ဒေသခံပြည်သူများသည် ရေအခက်အခဲမကြုံတွေ့ရန်အတွက် အသင့်ပြုလုပ်ပြီး ရေနှစ်စည်ဝင်ကျောက်စည်တစ်လုံး ငွေကျပ် ၁၇၀၀၀၊ ရေတစ်စည်ဝင်ကျောက်စည်တစ်လုံး ငွေကျပ် ၉၀၀၀ဖြင့် ဝယ်ယူနေကြရပြီးကျောက်စည်ရောင်းချသူများ အဆင်ပြေကြောင်း သိရသည်။ ဒေသခံပြည်သူများသည် ရေအခက်အခဲ မဖြစ်စေရေးအတွက် မိမိတတ်နိုင်သည့် ကျောက်စည်များကို ဝယ်ယူပြီးရေများစုဆောင်း သိုလှောင်ထားလျက်ရှိသည်။ **ညွန့်ရွှေ**

# ကျိုက်မရောမြို့နယ် တရနာ-ဘုရားကုန်းကျေးရွာချင်းဆက် ကတ္တရာလမ်းသစ်ဖွင့်

**ကျိုက်မရော မတ် ၂၁**

ကျေးလက်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်လမ်းများ မြို့နှင့်ဆက်သွယ်ရန် လမ်းကွန်ရက်များ ဆောင်ရွက်ပေးရေး အစီအစဉ်အရ အရှည် ၃၁ မိုင် လေးဖာလုံရှိသည့် ကျိုက်မရောမြို့နယ် တရနာ-ဘုရားကုန်း ကျေးရွာချင်းဆက် ကတ္တရာလမ်းသစ်ကို မတ် ၂၀ ရက်က ဖွင့်လှစ်ကြောင်း သိရသည်။



အဆိုပါလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ တာဝန်ယူကြီးကြပ်ကာ Future Creator Group of Construction Company က ၂၀၁၅ ခုနှစ် မတ် ၂ ရက်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ တရနာ- ဘုရားကုန်း ကျေးရွာချင်းဆက်လမ်း တည်ဆောက်ရေးစီမံကိန်းတွင် ပေ ၁၈၀ နှင့်အောက် တံတားလေးစင်းနှင့် ပေ ၅၀ နှင့်အောက် တံတားငယ်လေးစင်းပါဝင်ပြီး အကျယ် ၁၂ ပေဖြစ်ကာ တန် ၆၀ အထိ ယာဉ်များ လွယ်ကူချောမွေ့စွာ သွားလာနိုင်သည်ဟု အဆိုပါတံတားကို တာဝန်ယူတည်ဆောက်ခဲ့သည့် SCGC Co., Ltd. မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီလမ်းက အရင်ကဆိုရင် နွေရာသီမှာ ဖုန်အလွန်ထူပါတယ်။ မိုးတွင်းကျပြန်တော့ အသုံးပြုလို့မရပြန်ဘူး။ လမ်းအစအဆုံးသွားဖို့ လေးနာရီလောက်ကြာပါတယ်။ လမ်းအနိမ့်အမြင့် မညီတာရယ်၊ လမ်းပျက်စီးမှုတွေ ရှိတာရယ်ကြောင့် ဒေသခံပြည်သူတွေအနေနဲ့ သွားလာရေး ခက်ခဲမှုတွေကြုံရာက အခုလို ကတ္တရာလမ်းဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် ဒီစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့တဲ့အတွက် အဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်ပါတယ်"ဟု တရနာ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီဝင် ဦးလှငြိမ်းက ပြောသည်။

ယနေ့ ဖွင့်လှစ်ပေးခဲ့သည့် တရနာ- ဘုရားကုန်းကျေးရွာချင်းဆက်လမ်းကို ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှုချေးငွေအကူအညီ JICA ODA Loan ငွေကျပ် (၉ဒသမ ၂၀၇ ဘီလီယံ) ဖြင့် သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ စနစ်တကျဆောင်ရွက်ခဲ့သည့်လမ်းဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က အဆိုပါလမ်းသစ် ဖွင့်ပွဲအခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။ လမ်းများ ပိုမိုကောင်းမွန်လာသည့်အတွက် ခရီးသွားပြည်သူများ ယာဉ်မတော်တဆမှုများ မဖြစ်ပေါ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အလေးထားလိုက်နာရေးနှင့် သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်ပြီး မောင်းနှင်မှုမပြုဘဲ အသုံးပြုကြရန်အတွက် အားလုံးပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**မိုးဝေ(ပြန်/ဆက်)**

# စလင်း၌ အယ်နီညိုအန္တရာယ်သတိပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**မကွေး မတ် ၂၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ မတ်လ ဒုတိယပတ်က လူသွားလူလာများသော လေးတိုင်စင်ကားလမ်းတွင် အယ်နီညိုအန္တရာယ် ကာကွယ်ရေး လက်ကမ်းစာစောင်များကို တစ်ဦးချင်း ဖြန့်ဝေပေးခဲ့သည်။



ထိုသို့ဖြန့်ဝေရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်း၊ မြို့နယ်ရဲမှူး ဦးခင်မောင်ရှိန်၊ အမှုဆောင်အရာရှိ ဦးနေမန်းနှင့် ဌာနဆိုင်ရာ လူမှုရေးအသင်း အဖွဲ့များပါဝင်ပြီး လမ်းဆုံလမ်းခွများ၌ အယ်နီညိုအန္တရာယ် ကာကွယ်ရေး သတိပေးဆိုင်းဘုတ်ပိုစတာများစိုက်ထူပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ဇွဲကပင်အဆင့်မြင့်အားကစားကွင်းဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**ဘားအံ မတ် ၂၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် လှာကမြင်ကွက်သစ်ရှိ ဇွဲကပင် အဆင့်မြင့်အားကစားကွင်း ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို မတ် ၂၀ ရက်က အဆိုပါအားကစားကွင်း၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်းနှင့် ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ သတ္တုနှင့်သစ်တောဝန်ကြီး ဦးစောဆာလောလတို့က ဇွဲကပင် အဆင့်မြင့်အားကစားကွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ခေတ္တပြည်နယ်ဝန်ကြီးချုပ် ဦးစောဝင်းထိန်က အားကစားကွင်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်သည်။ ထို့နောက် အားကစားကွင်းကို တာဝန်ယူတည်ဆောက်ခဲ့သော ကုမ္ပဏီခုနစ်ခုက အဆောက်အအုံနှင့် သက်ဆိုင်ရာစာရွက်စာတမ်းများကို ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးလွင်ထံ ပေးအပ်ခဲ့သည်။

ဇွဲကပင် အဆင့်မြင့်အားကစားကွင်းတွင် အလျားပေ ၈၄၀ ၊ အနံပေ ၆၀၀ ရှိ အုတ်တံတိုင်းနှင့်မုခ်ဦး၊ အလျားပေ ၁၈၀၊ အနံ ပေ ၄၀ ရှိ အထူးတန်းပွဲကြည့်စင်၊ မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းတစ်ကွင်း၊ ရေနုတ်မြောင်းများ၊ ၁၁ ကေဗွီ ထရန်စဖော်မာတစ်လုံး၊ ဂိုးမှတ်တမ်းကြေညာသည့်ဘုတ်တစ်ခု၊ အလျားပေ ၁၂၀၊ အနံ ပေ ၉၀ ရှိ မိုးလုံလေလုံအားကစားရုံ တစ်ရုံ၊ အလျား ပေ ၈၀၊ အနံပေ ၆၀ ရှိ ကြက်တောင်အားကစားရုံ တစ်ရုံ၊ အလျား ပေ ၈၀၊ အနံ ပေ ၆၀ ရှိ လေ့ကျင့်ရေး အားကစားရုံ တစ်ရုံ၊ Ground တင်းနစ်ကွင်း တစ်ကွင်းတို့ ပါဝင်ပြီး ၂၀၁၃-၂၀၁၄ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပြည်နယ်အစိုးရ၏ ငွေလုံးငွေရင်းအသုံးစရိတ်များဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နွေရာသီအတွင်း သောက်သုံးရေအခက်အခဲမရှိစေရန် အဝီစိတွင်းတူးဖော်

**ငါ့သရောက် မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် အိုရင်းကျေးရွာအုပ်စု နှပ်ချိုတောတဲတိုက်မှ ကျေးလက်နေပြည်သူများ နွေရာသီကာလများတွင် သောက်သုံးရေအခက်အခဲမရှိစေရန်နှင့် ရေရှားပါးပြတ်လပ်မှုများ မဖြစ်ပေါ်စေရန်ရည်ရွယ်၍ အနက်ပေ ၈၀၀ ခန့် လေးလက်မ အဝီစိစက်ရေတွင်းတစ်တွင်း တူးဖော်လျက်ရှိကာ ဂါလန် ၂၀၀၀ ဆံ့ အုတ်ကန်နှင့် ရေစက်ရုံများကိုလည်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

လုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၂၂ ဒသမ ၃ သန်းဖြင့် ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး မတ်လဒုတိယပတ်မှစတင်၍ လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းဆောင်ရွက်မှု ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ညောင်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သည့် ထီးပုကျေးရွာမှ အဝီစိစက်ရေတွင်းကို ပြန်လည်ပြုပြင်ခြင်းနှင့် ယင်းစက်ရေတွင်းမှ ညောင်ပင်သာကျေးရွာအထိ ရေပိုက်လိုင်းများ တူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေ ကျပ် ၃ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။ ထို့အတူ မြေဖြူကန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိစက်ရေတွင်းမှ တောင်ပုံဝကျေးရွာအထိ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ရေလှောင်အုတ်ရေကန်များ တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၃ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိကာ အဆိုပါလုပ်ငန်းများမှာလည်း မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# တွန်းဇံမြို့နယ်၌ အဆောက်အအုံသစ်များဖွင့်

**တွန်းဇံ မတ် ၂၁**

ချင်းပြည်နယ် တွန်းဇံမြို့နယ်အတွင်း၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပြီးစီးခဲ့သော အဆောက်အအုံသစ်များနှင့် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများကို ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးကျင်လျန်းပေါင်နှင့် တာဝန်ရှိသူများက လှည့်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆောက်အအုံများ ဖွင့်လှစ်ရာတွင် တီးမ္ဘိကျေးရွာ၌ မြန်မာကရုဏာမေတ္တာအပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်မှ အလှူရှင် ဒေါက်တာဦးထောင်းဇမုန်ဖောက်လုပ်လှူဒါန်းသော အရှည် ၁၅ မိုင်၊ အကျယ်ခြောက်ပေရှိ တီးမ္ဘိ- ကျီခါးမြေသားလမ်းကို မတ် ၁၅ ရက်ကလည်းကောင်း၊ ဒါရ်ခိုင်းကျေးရွာ၌ နိုင်ငံတော်မတည်ငွေကျပ်သိန်း ၂၀ ဖြင့် ဆောက်လုပ်သော ဒါးလ်သောင်စာကြည့်တိုက်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ငွေကျပ် ခြောက်သန်းဖြင့် ဆောက်လုပ်သော ကျေးလက်အိမ်ရာနှင့် ကျပ် ၁၀ သန်းဖြင့် တူးဖော်သော လက်နှိပ်ရေတွင်းများကို မတ် ၁၆ ရက်ကလည်းကောင်း၊ ကြာအိုလင်ကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေကျပ် ၂၇ သန်းဖြင့် ဆောက်လုပ်သော အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်နှင့် ပြည်ထောင်စုရန်ပုံငွေကျပ် ၇၅ သန်းဖြင့် တည်ဆောက်သော ဇမ်ပီး- တာလ်အက်ကြားရှိ တီးတာန်ကွန်ကရစ်တံတားကို မတ် ၁၇ ရက်ကလည်းကောင်း၊ ကန်ဆောက်ကျေးရွာတွင် နိုင်ငံတော်မတည်ငွေ ကျပ်သိန်း ၂၀ ဖြင့် ဆောက်လုပ်သော ရောင်ခြည်ဦး စာကြည့်တိုက်ကို မတ် ၁၈ ရက်ကလည်းကောင်း၊ တုန်းတွောင်ကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေ ကျပ် ၂၇ သန်းဖြင့် ဆောက်လုပ်သော အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်၊ ပြည်ထောင်စုရန်ပုံငွေကျပ် ၁၂၆ သန်းဖြင့် ဆောက်လုပ်သော မြို့နယ်မီးသတ်စခန်းနှင့် ပြည်ထောင်စုရန်ပုံငွေ ကျပ် ၂၇ သန်းဖြင့် ဆောက်လုပ်သော တီးတူမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်များကို မတ် ၁၉ ရက်ကလည်းကောင်း ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

**နေစု(ချင်းရိုးမ)**

# မမျှော်လင့်သော လေဖြတ်ရောဂါ

ကြည်လွင်မြင့်(မှအြာ)

လေဖြတ်ရောဂါခံစားရသူအများစုသည် မမျှော်လင့်ထားသောအချိန်တွင် ရုတ်တရက် ကျရောက်လာသည့် ဝေဒနာကိုခံစားရခြင်းဖြစ်သည်။ အိပ်ပျော်နေရင်းလေဖြတ်သူ အလွန်ရှားသည်။ လေဖြတ်ခြင်းသည် ကိုယ်တစ်ခြမ်း လက်၊ ခြေတို့ မလှုပ်နိုင်ခြင်း၊ ထို့ထက်ဆိုးလျှင် စကားပီသအောင် မပြောနိုင်ခြင်းဖြစ်ရသည်။ တစ်ခုခုကို ယူဆောင်ကိုင်မနေချိန်၊ အားစိုက်နေချိန်၊ အဆင်းအတက် ပြုလုပ် နေချိန်များတွင် ဆက်မလုပ်နိုင်တော့ခြင်း၊ လွတ်ကျခြင်း၊ လဲကျခြင်း၊ စကားပြော၍မရခြင်း၊ ဗလုံးဗထွေးမပီမသဖြစ်ခြင်းတို့ ဖြစ်လေ့ရှိသည်။

နံနက်လင်းအားကြီးအချိန်တွင် အိပ်ရာမှထ၍ အခန်းအပြင်ဘက်ထွက်ခြင်း၊ အပေ့ါအလေး သွားရန်အတွက် ရေအိမ်သွားခြင်း၊ ရေအိမ်ထဲတွင် လဲကျခြင်း၊ ရေအိမ်မှအဆင်းတွင်လဲကျခြင်းများသည် အဖြစ်အများဆုံးဖြစ်သည်။ အသက်ကြီးသူများသည် နံနက်လင်းပိုင်းမှ နံနက် ၁၀ နာရီအချိန်အတွင်း အဖြစ်များသည်ဟုပြောသည်။

လေဖြတ်သူကိုလဲကျသည့်နေရာမှ မရွှေ့ပါနှင့်။ ခြေထိပ်၊ လက်ထိပ်၊ နားရွက်ဖျားတို့ကို အပ်အချွန်နှင့်ထိုးဖောက်ပါဟု ဘယ်ကမှန်းမသိ ညွှန်ကြားသည့်စာကိုကူး၍ အင်တာနက်ဖေ့စ်ဘွတ်တွင် ကျယ်ပြန့်စွာတင်နေသည်ကို တွေ့ရသည်။

မှားသည်၊ မှန်သည်ကို ဝေဖန်ကြည့်သင့်သည်။

စာရေးသူ၏မိခင်ကြီးသည် နံနက် ၃ နာရီခန့် အပေ့ါအပါးထသွားပြီး ရေအိမ်နှင့်ရေချိုးခန်း တွဲထားသည့် အခန်းအပြင်ဘက်တွင် လဲကျနေသည်။ ဘယ်သူမှမနိုးသဖြင့် မသိကြပါ။ အမှန်တော့ အမေက အော်ခေါ်သည်။ သို့သော် သူ့ပါးစပ်က အသံထွက်မလာ။ ယာဘက်တစ်ခြမ်းက မလှုပ်နိုင်သည့်အပြင် စကားပြောလျှင် အသံမထွက်ခြင်းပါတွဲ၍ဖြစ်သော လေဖြတ်ခြင်းဖြစ်သည်။

ယာဘက်ခြမ်းလေဖြတ်ခြင်းသည် ဝဲဘက်ခြမ်းလေဖြတ်ခြင်းထက် ပို၍ဆိုးသည်။ ယာသန်သူက များသဖြင့် သန်သောအခြမ်း လေဖြတ်ခြင်းသည် ဆိုးသည်။ ယာဘက်ခြမ်းလေဖြတ်သူမှန်သမျှ လျှာစောင်းရွဲ့ခြင်း၊ စကားမပီသခြင်း၊ ထို့ထက်ဆိုးလျှင် လုံးဝအသံမထွက်ခြင်းပါ ဖြစ်နိုင်သည်။ ထိုကဲ့သို့ဖြစ်ရခြင်းသည် ဦးနှောက်၏ဝဲဘက်ခြမ်းတွင် စကားပြောခြင်းကို ထိန်းချုပ်သည့် Speak Centre ရှိသည်ဟု အနောက်တိုင်းသုတေသနကဆိုသည်။ ဦးနှောက်ဝဲဘက်ခြမ်းတွင် သွေးခဲပိတ်ဆို့လေဖြတ်လျှင် ခန္ဓာကိုယ်၏ယာဘက်ခြမ်း (ဆန့်ကျင်ဘက်အခြမ်း)မှာ မလှုပ်နိုင်၊ မသန်စွမ်းဖြစ်ရသည်။ ထို့ပြင် စကားမပီမသဖြစ်ရသည်။ ဤမှာ ပုံသေနည်းဖြစ်သည်။

လေဖြတ်သူလဲကျနေသည့်နေရာသည် ရေအိမ်အဆင်း၊ မသန့်ရှင်းသောနေရာဖြစ်သည်။ အေးစက်နေသော သမံတလင်းဖြစ်သည်။ သိလျှင် သိချင်းညင်သာစွာ ပွေ့ယူပြီး နေရာမှဖြည်းဖြည်း ရွှေ့ယူရမည်။ နွေးထွေးသည့် အိပ်ရာပေါ်သို့ အရင်ရွှေ့ပြီးမှ ကျန်သည့် ကိစ္စများလေ့လာဆန်းစစ်မှုများကို ပြုလုပ်ရမည်ဖြစ်သည်။

လေဖြတ်သူအတွက် နွေးထွေးသောနေရာသို့ ဦးစွာရွှေ့ရမည်ဖြစ်သည်။ ပြီးလျှင် လဲကျသောအချိန်တွင် အသက်ရှူခြင်းပုံမှန်ဖြစ် မဖြစ်၊ ပါးစပ်အတွင်းတွင် လျှာခေါက်နေမနေ၊ ထို့ပြင် အန်ဖတ်များ ပါးစပ်တွင်ဆို့နေမနေလည်း စစ်ဆေးရမည်။ လက်ထိပ်၊ ခြေထိပ်များကို အပ်ချွန်နှင့်ဖောက်ရမည်ဆိုသည့်ကိစ္စထက်ပို၍အရေးကြီးသောကိစ္စမှာ အသက်ရှူလမ်းကြောင်း ပွင့် မပွင့်၊ မှန် မမှန်က ပို၍ အရေးတကြီး ဆန်းစစ်ရမည့်ကိစ္စဖြစ်သည်။

လေဖြတ်ခြင်းသည် အဖျားရောဂါနှင့်မတူပါ။ လေဖြတ်ပြီး လဲကျနေသူအတော်များများသည် ခြေလက်များ အေးစက်နေသည်ကိုတွေ့ရသည်။ မျက်စိမဖွင့်၊ ဖွင့်လျှင်လည်း အမြင်မကြည်လင်၊ ဝေဝါးသည့်ပုံသဏ္ဌာန်ဖြစ်နေတတ်သည်။

ညအိပ်ရာဝင်ခါနီးအချိန်တွင် အစားအသောက်စားပြီး အစာမကြေလျှင် အမြုပ်ကလေးများထလာလျှင် သတိထားသင့်သည်။ အတွင်းမှ ခတ်ပျက် အချဉ်ပေါက်နေသော ဟင်းများနွှေးလျှင် အမြုပ်ကလေးများ ထလာတတ်သည်။ ထိုဟင်းမျိုးကို ပြန်နွှေးမိသူများ ဝမ်းချဉ်ပေါက်ပြီး ဝမ်းလျှောနိုင်သည်။ ပူပြင်းသော နွေရာသီတွင် ပို၍သတိထားသင့်သည်။

ဝမ်းလျှော ဝမ်းပျက်ပြီးလဲကျနေသူများသည် လေဖြတ်ခြင်းနှင့် မှားတတ်သည်။ ထိုသူများကို မသန့်ရှင်းသောခန္ဓာကိုယ်ကို သန့်စင်ပြီး ခြေလက်များ အေးစက်နေလျှင် နွေးထွေးလာအောင် အလျင်အမြန်ပြုစုရမည်။

ညဘက် ဆီးမကြာခဏ ထသွားသူများ လေဖြတ်ခံရလေ့ရှိသည်။ ရက်ရှည်၊ လနှင့်ချီ၍ ညဘက် ဆီးသွားနေလျှင် မည်သည့်အကြောင်းကြောင့်ဖြစ်သည်ကို စစ်ဆေးသင့်သည်။ ဆီးချိုကြောင့်၊ သွေးတိုးကြောင့်၊ ကျောက်ကပ် ရောဂါကြောင့် ရေသောက်များခြင်း၊ ရေနွေးကြမ်းသောက်များခြင်းကြောင့် . . . စသည့် စစ်ဆေးသင့်သည်။

ဆီးချိုရောဂါ ဝင်ခါစတွင် ညဘက် ဆီးထသွားသည့်အကြိမ်များလေ့ရှိသည်။ ဆီးချိုရောဂါဖြင့် လေဖြတ်လဲကျသူများကို အထက်တွင်ဖော်ပြခဲ့သည့် အင်တာနက်မှလာသည့် လက်ထိပ်၊ ခြေထိပ်နှင့် နားရွက်ဖျားများတွင် အပ်ချွန်ဖြင့် သွေးဖောက်ထုတ်ကုသနည်းများမှာ မသင့်ပေ။ ကယ်တင်ရာမရောက်၊ ရေနစ်သူ ဝါးကူထိုးရာရောက်မည်။ ထိုနည်းကို အင်တာနက်ဖေ့စ်ဘွတ်ပေါ်တွင် တရုတ်ပြည်မှလာသည့်နည်း၊ အချို့ကလည်း ထိုင်ဝမ်နည်းဟုရေးသားထားသည်ကိုတွေ့ရသည်။ မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာလည်းမဟုတ်ပါ။

❖ လေဖြတ်သူအတွက် နွေးထွေးသောနေရာသို့ ဦးစွာရွှေ့ရမည်ဖြစ်သည်။ ပြီးလျှင် လဲကျသောအချိန်တွင် အသက်ရှူခြင်းပုံမှန်ဖြစ် မဖြစ်၊ ပါးစပ်အတွင်းတွင် လျှာခေါက်နေမနေ၊ ထို့ပြင် အန်ဖတ်များ ပါးစပ်တွင်ဆို့နေ မနေလည်း စစ်ဆေးရမည်။ လက်ထိပ်၊ ခြေထိပ်များကို အပ်ချွန်နှင့်ဖောက်ရမည်ဆိုသည့်ကိစ္စထက် ပို၍အရေးကြီးသောကိစ္စမှာ အသက်ရှူလမ်းကြောင်း ပွင့် မပွင့်၊ မှန် မမှန်က ပို၍အရေးတကြီး ဆန်းစစ်ရမည့်ကိစ္စဖြစ်

ဖြစ်သူများ၊ တစ်နည်းအားဖြင့် အသက်အရွယ်ကြောင့် ဝမ်းမီးအားနည်းသူများသည် အစာမကြေရာမှ ညအိပ်နေရင်း သွေးပေါင်ချိန်တက်လာတတ်သည်။ ရင်ပြည့်ရင်ကယ်ပြီး အော့ချင်အန်ချင်သလိုဖြစ်ရာ အိပ်ရာမှထပြီး ရေချိုးခန်းသို့သွားပြီး အော့အန်ရာမှ လေဖြတ်လဲကျသွားသူများလည်းရှိသည်။ အချို့မှာ ရေချိုးခန်း သမံတလင်း အေးစက်နေသည့်နေရာတွင် လဲကျနေသည်ကို တွေ့ရဖူးသည်။

နေပူပြင်းသောရာသီတွင် နေ့လယ်ကချက်သောဟင်းကို ညနေတွင် ပြန်နွှေးစားသည်။ ညတစ်ရေးနိုးတွင် ဗိုက်နာပြီး ဝမ်းသွားသည်။ နှစ်ကြိမ် သုံးကြိမ်ခန့် ဝမ်းအရည်များသွားပြီးနောက် အိမ်သာအတွင်းမှ ပြန်မထွက်နိုင်တော့။ ကြွက်တက်ပြီး လဲကျရာမှ လေဖြတ်သွားပုံရသည်။ ဟင်းများနွှေး

စာရေးသူ၏မိဘများသည် ညအိပ်ရာမဝင်မီ ဥပုသ်စောင့်သူများစားသည့် ညချင်းသုပ်ကို စားလေ့ရှိကြသည်။ စာရေးသူ၏မိခင်ကြီး လေဖြတ်စဉ်က ပါးစပ်အတွင်းနှိုက်ကြည့်သောအခါ အန်ထားသည့်ချဉ်ဖတ်များကို တွေ့ရသည်။ အသက်ရှူလမ်းကြောင်း မပိတ်အောင်၊ ကုန်စင်အောင်နှိုက်ထုတ်ပြီးမှ ကောင်းစွာ အသက်ပြန်ရှူလာသည်။ သတိပြုကြရန် တင်ပြခြင်းဖြစ်ပါသည်။

လေဖြတ်လျှင်
(၁) နွေးထွေးသောနေရာသို့ ဦးစွာရွှေ့ပါ။
(၂) အသက်ရှူလမ်းကြောင်း ပွင့်၊ မပွင့်စစ်ဆေးပါ။
(၃) ဆေးရုံသို့ အလျင်အမြန်ပို့ရန်စီစဉ်ပါ။

ဆေးမြီးတို အရပ်ကုနည်းများဖြင့် အချိန်မကုန်ပါစေနှင့်။

## မိုင်းခတ်မြို့နယ် မီးဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့

**ကျိုင်းတုံ မတ် ၂၁**

မိုင်းခတ်မြို့နယ် နောင်လုံးကျေးရွာအုပ်စု အင်လုံကျေးရွာ၌ မတ် ၁၂ ရက်က အိမ်ခြေ ၅၃ အိမ်ရှိသည့်အနက် မီးဘေးဒုက္ခခံစားခဲ့ရသည့် အိမ်ခြေ ၄၈ လုံး အတွက် မတ် ၁၇ ရက်ထိ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဖွဲ့အစည်းများက ထောက်ပံ့လှူဒါန်းပေးအပ်လျက်ရှိရာ မတ် ၁၈ ရက်အထိ ငွေသား ၅၃၀၇၉၀၀၊ ဆန် ၁၆၆ အိတ်၊ ဆီ ၁၁၅. ၈ ပိဿာ၊ ခေါက်ဆွဲခြောက် ၁၅၇ ဖာ၊ ဟင်းချိုမှုန့် ၃၂၉ ထုပ်၊ ဆား၃၉၄ ထုပ်၊ ငါးသေတ္တာ ၅၅ ဘူး၊ နို့ဆီ ၂၉ လုံး၊ ထမင်းနှင့်ဟင်းထုပ် ၁၆၆၀ ၊ ကော်ဖီမစ်တစ်ထုပ်၊ စက်သုံးဆီ ၉၆ ဂါလန်၊ အဝတ်အထည် ၁၂၃ ထုပ်၊ ဒန်အိုးနှင့် ချိုင့် ကိုးစုံ၊ ဖျာ ၅၈ ချပ်၊ စောင်ကြီး ၂၇၁ ထည်နှင့် စောင်သေးငါးထည်၊ ရေသန့် ၁၀၉၂ လုံး၊ ခြင်ထောင်တစ်လုံး၊ ပီနံအိတ်ခွံ ၃၀၆ လုံး၊ ခေါင်းအုံး ၅၆ လုံး၊ ပန်းကန်မျိုးစုံ ၁၀၃ စုံ၊ အခြား အိမ်သုံးပစ္စည်း ငါးခြောက်နှင့် ငရုပ်သီးများ ပေးအပ်လှူဒါန်းသည့် စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၃၀၉၅၉၁၀၀ ထောက်ပံ့လှူဒါန်းပြီးဖြစ်သည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်များတွင် သဘာဝဘေးအန္တရာယ်များ ကျရောက်သည့် မီးဘေးအတွက် နေအိမ်တစ်လုံးလျှင် ငွေကျပ် ၅၀၀၀၀ ၊ ဘုန်းကြီးကျောင်းတစ်ကျောင်းလျှင် ငွေကျပ် ၁၀၀၀၀၀ နှင့် စာသင်ကျောင်းတစ်ကျောင်းလျှင် ငွေကျပ် ၁၀၀၀၀၀ ချက်ချင်းထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းနှင့် နောင်လုံးကျေးရွာအုပ်စု အင်လုံရွာတွင် မတ် ၁၉ ရက်က မီးဘေးသင့် အိမ်ထောင်စုများကို ဆက်လက်ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)** **အေးမောင်(ကျိုင်းတုံ)**





## ဖလမ်းမြို့နယ်အတွင်း ဇာလိုင်ကျေးရွာသစ်ဖွင့်လှစ်

**ဖလမ်း မတ် ၂၁**

ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့နယ် ဇာလိုင်ကျေးရွာသစ်ဖွင့်ပွဲကို မတ် ၁၉ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးနှင့် ရပ်မိရပ်ဖ ဦးရမ်ဆွမ်းတို့က ကျေးရွာသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** အဆိုပါကျေးရွာဟောင်းသည် ၂၀၁၃ ခုနှစ်က မိုးသည်း ထန်စွာရွာသွန်းမှုကြောင့် မြေပြို၍ အိမ်ခြေ သုံးအိမ် ရေမျောပါသွားပြီး အခြားအိမ်မြေနေရာများလည်း မြေအက်ကွဲကျွံကျခြင်း တို့ကြောင့် ၂၀၁၄ ခုနှစ်မှစ၍ အဆိုပါကျေးရွာဟောင်းမှ လေးမိုင်ခန့်ကွာဝေးသော ယခုကျေးရွာသစ်သို့ ကျေးရွာ အိမ်ခြေများ ပြောင်းရွှေ့နေထိုင်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ညောင်ဦးမြို့နယ်စာရေးဆရာအသင်း မျက်နှာစုံညီအစည်းအဝေး

**ညောင်ဦး မတ် ၂၁**

ညောင်ဦးမြို့နယ် စာရေးဆရာအသင်းမျက်နှာစုံညီအစည်းအဝေးကို မတ် ၁၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ညောင်ဦးမြို့နယ် စာရေးဆရာအသင်း အမှုဆောင်ကော်မတီဝင်ငါးဦးကို ရွေးချယ်တင်မြှောက်ကြရာ စာရေးဆရာအသင်းဥက္ကဋ္ဌအဖြစ် ဦးမြင့်ဆွေ (ဗိုလ်ချုပ်မြေမြင့်ဆွေ)၊ အတွင်းရေးမှူးအဖြစ် ဦးမောင်လင်း (မောင်လင်းသူ၊ ညောင်ဦး)၊ ဘဏ္ဍာရေးမှူးအဖြစ် ဦးမျိုးညွန့်အောင် (မျိုးညွန့်အောင်၊ အရိမဒ္ဒန)၊ အဖွဲ့ဝင်များအဖြစ် ဦးစိန်ဝင်း (စည်းခုံမြေစိန်ဝင်း)နှင့် ဦးမောင်မောင်ထွေး (တပေါင်း၊ညောင်ဦး) တို့ကို အသီးသီးတာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# မိုင်းပျဉ်းမြို့နယ်၌ ရှင်အပါး ၁၀၀ ရှင်ပြုအလှူမင်္ဂလာပွဲကျင်းပ

**မိုင်းပျဉ်း မတ် ၂၁**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းပျဉ်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်းဆရာတော် အရှင်သိရီဒမ္မ ဦးဆောင်၍ မန္တလေးမြို့ ရန်ကင်း အေးငြိမ်းရိပ်သာ သာသနာအကျိုးတော်ဆောင်အဖွဲ့မှ လှူဒါန်းမှုပြုသော ဗုဒ္ဓဘာသာ အဆုံးအမခံယူပွဲနှင့် ရှင်အပါး ၁၀၀ ရှင်ပြုအလှူမင်္ဂလာပွဲ အခမ်းအနားကို မတ် ၁၉ ရက်က မိုင်းပျဉ်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါပွဲတွင် မိုင်းပျဉ်းမြို့နယ် ဖာခမ်းအုပ်စုနှင့် ထန်ယျန်းအုပ်စုတို့မှ လားဟူတိုင်းရင်းသား အိမ်ထောင်စု ၄၁ စု၊ လူဦးရေ ၂၄၇ ဦးတို့သည် မိမိတို့၏ဆန္ဒအလျောက် နတ်ကိုးကွယ်မှုမှ မြတ်ဗုဒ္ဓ၏ အဆုံးအမကိုခံယူကာ ဗုဒ္ဓဘာသာသို့ ကူးပြောင်းကြပြီး ၎င်းတို့၏ ရင်သွေးငယ်ကလေး ၁၀၀ တို့အား ရှင်သာမဏေအဖြစ်သို့ သွတ်သွင်းပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပုသိမ်-ရွှေပြာချောင်းသာလမ်းရှိ ဥတိုနှစ်လမ်းသွား တံတားဖွင့်

**ပုသိမ် မတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ၂၀၁၅-၂၀၁၆ ခွင့်ပြုဘဏ္ဍာငွေဖြင့် ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ ပုသိမ် ရွှေပြာချောင်းသာလမ်း၌ တည်ရှိသော ဥတိုမြစ်ကူး နှစ်လမ်းသွား တံတားနှင့် ကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားကို မတ် ၁၈ ရက်နံနက် ၁၀ နာရီက ရွှေသောင်ယံမြို့ ဥတိုတံတားထိပ်မုခ်ဦး၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးဆောက်လုပ်ရေးဝန်ကြီးဌာန(တံတားဦးစီး)ညွှန်ကြားရေးမှူး ဦးမြင့်ကြည်က ဥတိုနှစ်လမ်းသွားတံတားနှင့် ပုသိမ်ချောင်းသာလမ်း တိုးချဲ့ခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများကို ရှင်းလင်းပြောကြားရာတွင် အဆိုပါ တစ်လမ်းသွားဥတို သစ်သားတံတားကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုငွေကျပ်သန်း၂၁၅၇ ဖြင့် ဒီဇင်ဘာ ၁ ရက်မှစတင်၍ တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးကျော်လင်းကြီးကြပ်ညွှန်ကြားမှုဖြင့် ဆိပ်ဖြူတံတား တည်ဆောက်ရေး အဖွဲ့(၅)မှ ရက်ပေါင်း ၄၅ ရက် အချိန်ကာလဖြင့် တည်ဆောက်ခဲ့ရာ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ အလျားပေ ၉၆၀၊ ရေကင်းလွတ်အမြင့် ခုနစ်ပေ၊ ရေကင်းလွတ်အကျယ် ၈၄ ပေ၊ ကားတစ်စီးခံနိုင်ဝန်တန် ၃၀ ဖြတ်သန်းသွားလာနိုင်သည့်အပြင် တောင်တက်တောင်ဆင်း အကွေ့အကောက်များသော ချောင်းသာ ကားလမ်းကို ယခင် ၁၄ ပေမှ ၁၈ ပေတိုးချဲ့ပြီး အရှည် ၂၇ မိုင်ခြောက်ဖာလုံ ကတ္တရာခင်းလမ်းမကြီး တည်ဆောက်ပေးခဲ့ကြောင်း ပြောကြားသည်။



ထို့နောက်တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးကျော်လင်း၊ တိုင်းဒေသကြီးလမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ကြည်၊ ပုသိမ်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဦးတိုင်အောင်တို့က ဥတိုနှစ်လမ်းသွားတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **ပုသိမ်လှကြည်**

# ကြံတစ်ဆစ်ချင်း ပျိုးထောင်စိုက်ပျိုးနည်းပညာပေး

**ရွှေဘို မတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)မှ မျိုးသန့်မျိုးပွား ကြံသီးနှံစံပြကွက် နှစ်ဧကကို စိုက်ပျိုးရေးနည်းပညာပေးကွင်းပြပွဲကို မတ် ၁၉ ရက် နံနက် ၉ နာရီက ရွှေဘိုမြို့နယ် (ကျောက်မြောင်းမြို့) တည်ပင်ကျေးရွာအုပ်စု (၁၄) မိုင်ကျေးရွာ ကြံစိုက်တောင်သူ ဒေါ်ဝင်း၏ ကြံစိုက်ခင်း၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ) ခရိုင်ဦးစီးမှူး ဦးမြင့်လှိုင်နှင့်တာဝန်ရှိသူများက ကြံသီးနှံသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များနှင့် ဒေသတွင်းဈေးကွက်တည်ငြိမ်ခိုင်မာမှုရှိသော ကြံသီးနှံကိုတိုးချဲ့စိုက်ပျိုးခြင်းအားဖြင့် တောင်သူများ စီးပွားရေးတွက်ခြေကိုက်မည်ဖြစ်ကြောင်း၊ တောင်သူများ အယ်နီညိုရာသီဥတုအတွက် ကြိုတင်ပြင်ဆင်ထားရန်နှင့် ကြံတစ်ဆစ်ချင်း ပျိုးထောင်စိုက်ပျိုးခြင်းအားဖြင့် ကြံတစ်ဧက တန် ၈၀ အထက်ထွက်ရှိရေး သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းစနစ်များကိုရှင်းလင်းဆွေးနွေးပြီး လက်တွေ့စိုက်ပျိုးပြသခဲ့ကာ တက်ရောက်လာသောတောင်သူများ၏သိရှိလိုသည်များအား ပြန်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

**ကျောက်မဲ မတ် ၂၁**

ရှမ်းပြည်နယ် မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့တွင် စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၈ ရက်က မြို့နယ်ရုံး ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်က အမှာစကား ပြောကြားကာ ကျေးရွာ စာကြည့်တိုက်မှူးများက စာကြည့်တိုက်ဝန်ဆောင်မှု အလုပ်ရုံဆွေးနွေးပွဲတွင် မိမိစာကြည့်တိုက်များ စံညီ စာကြည့်တိုက်ဖြစ်စေရန်နှင့် ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ တိုးတက်ပြန့်ပွားစေရေးအတွက် လုပ်ကိုင်မှုနည်းစနစ်များ အတွေ့အကြုံများကို ဆွေးနွေးကြကြောင်း သိရသည်။ **အောင်မိုး**

(၂၀၁၆) ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့

"တီဘီရောဂါကင်းဝေးဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့"

World TB Day (2016)

"Unite to End TB"

၂၀၁၆ ခုနှစ်၊ မတ်လ (၂၄)ရက် 24th March, 2016

# မြတ်စမ်းတောင် (၄၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲကျင်းပ

**ငရုတ်ကောင်း မတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့ မိုးတိမ်ပြင်ကျေးရွာအုပ်စုတွင် မြတ်စမ်းတောင်(၄၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယဖွင့်ပွဲ အခမ်းအနားကို မတ် ၁၉ ရက်က မြတ်စမ်းတောင် မုခ်ဦးရှေ့၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မိုးတိမ်ပြင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဌေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ မြတ်စမ်းတောင်(၄၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဘာသာရေးအဖွဲ့ဝင်များနှင့်ရပ်မိရပ်ဖများတက်ရောက်ခဲ့ကြသည်။မြတ်စမ်းတောင်ဗုဒ္ဓပူဇနီယပွဲတော်အား မတ် ၂၀ ရက်နှင့်၂၁ ရက်တို့တွင် မျက်လှည့်ပွဲများပြသခဲ့ပြီး မတ်၂၂ ရက်မှ ၂၄ ရက်အထိ မိုးဆန်းပန်းဇာတ်သဘင် အငြိမ့်အဖွဲ့များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ပြုံးမောင်မောင်(ပြန်/ဆက်)**

# သန်းခေါင်စာရင်းအချက်အလက်များ အသုံးချခြင်းအလုပ်ရုံဆွေးနွေး

**မြောက်ဦး မတ် ၂၁**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင်တွင် ၂၀၁၄ ခုနှစ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များ အသုံးချခြင်းနှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းဆင့်ပွား အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမဆောင်၌ မတ် ၂၀ ရက်နံနက် ၈ နာရီခွဲတွင် ကျင်းပခဲ့သည်။

